ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ စနေနေ့၊ (18-2-2006) (၄၈၇၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အမှတ်(၂) အနည်စစ်ကန်တည်ဆောက်မှုနှင့် လမ်းများ အဆင့်မြှင့်တင်ခင်းကျင်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန်   ဖေဖော်ဝါရီ   ၁၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)မိုင်လမ်းဆုံအနီးသို့ ရောက်ရှိကြပြီး ကျိုက်ဝိုင်းဘုရားလမ်းတစ်လျှောက်၌ စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် မရမ်းကုန်းမြို့နယ် ပါရမီလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၂)အနည်စစ်ကန် တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း၌ စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းနေမှုကို လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း၌ စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းနေမှုကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် အနော်ရထာလမ်းတစ်လျှောက်၌ စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ မရမ်းကုန်းမြို့နယ် ပါရမီလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၂)အနည်စစ်ကန် တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြေးမုံ
The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

နိုင်ငံတော်၏အားပေးမှုဖြင့် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် မြန်မာ့ရုပ်ရှင်ပွဲတော်နှင့် ကိုရီးယား–မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ် ရုပ်ရှင်ပွဲတော်များတွင် အဆင့်မြင့် မြန်မာရုပ်ရှင်ဇာတ်ကားများ ပြသနိုင်ခဲ့သည့်အပြင် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ သွားရောက်ဆင်နွှဲနိုင်ခဲ့ကြသည်။

ခေါင်းကြီး   (စာမျက်နှာ–၂)

နယ်စပ်ဒေသများနည်းတူ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ စစ်ကိုင်းတိုင်းမှ ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီးမြို့နယ်၊ မကွေးတိုင်းမှ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ် စုစုပေါင်း ရှစ်မြို့နယ်တို့တွင် ဒေသခံ အမျိုးသမီးငယ်လေးများအား အိမ်တွင်းမှု သက်မွေးပညာရပ်များ သင်ကြားပေးလျက်ရှိသည်။

မောင်ဘဖေ(ဥသာ)၏ **"ဧရာဝတီမြစ်အနောက်ဘက်ကမ်းပေါ်ရှိ နိုင်ငံတော်၏ စေတနာပြယုဂ်များ"**

ဆောင်းပါး   (စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၈–၂–၂၀၀၆
(စနေနေ့)

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း အမျိုးသားယဉ်ကျေးမှု ဆက်လက်ထိန်းသိမ်းမြှင့်တင်

မြန်မာနိုင်ငံသည် သမိုင်းစဉ်တစ်လျှောက် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားစွာ ရပ်တည်ခဲ့သော နိုင်ငံဖြစ်သည်။ ယဉ်ကျေးမှုဟုဆိုရာတွင် ပန်းချီပန်းပုစသော အနုပညာလက်ရာဆိုင်ရာယဉ်ကျေးမှု၊ ဘာသာစကားဆိုင်ရာယဉ်ကျေးမှု၊ ရိုးရာ ဓလေ့ထုံးတမ်းဆိုင်ရာ ယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီး အနုသုခုမဆိုင်ရာ ယဉ်ကျေးမှု စသည့် ယဉ်ကျေးမှုများ ပါဝင်သည်။

မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ၏ သက်တမ်းသည် နှစ်ပေါင်းထောင်ချီ၍ ရှည်ကြာခဲ့ပြီဖြစ်ရာ နိုင်ငံသားတိုင်းက မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို အမြတ်တနိုး တန်ဖိုးထားကြရမည်ဖြစ်သည်။ ဂီတ၊ သဘင်၊ ရုပ်ရှင်အနုပညာရှင်များ အပါအဝင် နိုင်ငံသူ၊ နိုင်ငံသားတိုင်းကလည်း အမျိုးသားယဉ်ကျေးမှုကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် တာဝန်ရှိပေသည်။

နိုင်ငံတော်အစိုးရက နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာထာဝရ မြင့်မားနေစေရေးအတွက် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိသည်။ အမျိုးသားရေးဂုဏ်ရည်၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် အစီအမံများ ချမှတ်ဖော်ဆောင်လျက်ရှိသကဲ့သို့ မြန်မာ့ရုပ်ရှင်၊ မြန်မာ့ဂီတ အနုပညာများ ခေတ်နှင့်အညီ ဆန်းသစ် တိုးတက်လာစေရန်လည်း အဘက်ဘက်က အားပေးမြှင့်တင်လျက်ရှိသည်။

ထို့အပြင် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားလာရေးတို့အတွက် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်း ကူညီလျက်ရှိသည်။ ရုပ်ရှင်လောကသားများအတွက် မှီခိုအားထားရာဖြစ်သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကိုလည်း စနစ်တကျ ဖွဲ့စည်းပေးထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများကလည်း ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယခုအခါ မြန်မာရုပ်ရှင်ဇာတ်ကားများ အရည်အသွေးမြင့်မားရေး၊ ပြည်ပရုပ်ရှင်ပွဲတော်များတွင် ပါဝင်ပြသနိုင်ရေးနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသနိုင်ရေးတို့အတွက်ပါ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ အားပေးမှုဖြင့် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် မြန်မာ့ရုပ်ရှင်ပွဲတော်နှင့် ကိုရီးယား–မြန်မာသံတမန် ဆက်ဆံရေးနှစ်(၃၀)ပြည့် အထိမ်းအမှတ် ရုပ်ရှင်ပွဲတော်များတွင် အဆင့်မြင့်မြန်မာရုပ်ရှင်ဇာတ်ကားများ ပြသနိုင်ခဲ့သည့်အပြင် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ သွားရောက်ဆင်နွှဲနိုင်ခဲ့ကြသည်။

ထို့အပြင် အာဖရိကနိုင်ငံ ကိပ်တောင်းရုပ်ရှင်ပွဲတော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေကြက်ဖရုပ်ရှင်ပွဲတော်တို့တွင် မြန်မာရုပ်ရှင်ဇာတ်ကားများ ပြသခဲ့ပြီး မလေးရှားနိုင်ငံနှင့် သြစတြေးလျနိုင်ငံတို့၌ မြန်မာရုပ်ရှင်ကားများ ဈေးကွက် စမ်းသပ်ထိုးဖောက်နိုင်ခဲ့ခြင်းတို့သည်လည်း မြန်မာ့ရုပ်ရှင်လောက၏ ကြိုးပမ်းအားထုတ်မှု ရလဒ်များပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အားပေးပံ့ပိုးချီးမြှင့်မှုများနှင့်အတူ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များအားလုံးက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရင်း မိမိတို့၏ ရုပ်ရှင်အနုပညာ စွမ်းဆောင်ရည်များဖြင့် အမျိုးသားယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းနေ ဘွားအိမ်ပြည့်၏(၁၀၁)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးညွန့် လက်ခံယူစဉ်။ (က–ပ)

ပြည်ထောင်စုနေ့ အဓိဋ္ဌာန်

"တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

မကွေးမြို့ အောင်မြေရတနာကျောင်းတိုက် (၂၅)နှစ်ပြည့်အထိမ်းအမှတ် ငွေရတုပူဇာမင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မကွေးမြို့ ကန်သာရပ် အောင်မြေရတနာ စာသင်တိုက်၏ (၂၅)နှစ်ပြည့် အထိမ်းအမှတ် ငွေရတုပူဇာမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၁ နာရီတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အောင်မြေရတနာကျောင်းတိုက် ငွေရတုအထိမ်းအမှတ် မော်ကွန်းကျောက်စာ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ကျောင်းတိုက်၏ ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစ္စသာရနှင့်အတူ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ တပ်မ(၈၈) တပ်မမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းဦးနှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

(အပေါ်ပုံ)

ထို့နောက် မွန်းလွဲပိုင်းတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ ရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ်မှ အရှင်ရေဝတ ရေးဖွဲ့သော ငွေရတုပူဇာမင်္ဂလာ အခါတော်ကြား ဧကပိုဒ်လင်္ကာကို နိုင်ငံကျော် အဆိုတော် ခင်ညွန့်ရည်က သီဆိုပူဇော်သည်။

ဆက်လက်၍ သံဃာတော်များ အမှူးပြုသော ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မကွေးဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြပြီး အလှူရှင်များက လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ငွေရတု မင်္ဂလာသဘင် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အောင်မြေရတနာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိစ္စသာရက လျှောက်ထားပြီး တေးရေးဆရာ ဗိုလ်ချုပ်မြေ–မြင့်ဆွေ ရေးဖွဲ့ပူဇော်သော "ငွေရတုဘွဲ့ ဓမ္မဂီတိ"သံဆန်းသီချင်းကို "ငွေရတုဓမ္မရံသီ" ကျောင်းအမ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာနီလာသိန်းက သီဆိုပူဇော်သည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် မကွေးဆရာတော်ကြီးထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

အဆိုပါ ငွေရတုသဘင်တွင် ဖေဖော်ဝါရီ ၈၊၉၊ ၁၀ရက် ညများ၌ မန္တလေးမြို့မှ ဘဒ္ဒန္တ တိက္ခ (ဝါခင်းကုန်း ဆရာတော်)၊ ဘဒ္ဒန္တ သူရိယာဘိဝံသ (မိုးတားဆရာတော်)၊ ဘဒ္ဒန္တ ယာနိက (ရွှေခြံဆရာတော်)တို့က ငွေရတု ဓမ္မပူဇာ တရားတော်များကို ဟောကြားကြသည်။

အဆိုပါ ငွေရတုသဘင်တွင် ကျောင်းတိုက်အတွင်းရှိ သံဃာအပါး ၄၀၀၊ တိုက်ထွက် တပည့်ဟောင်း သံဃာ ၁၁၄ ပါး၊ ပင့်သံဃာ ၃၀၁ ပါး စုစုပေါင်း သံဃာတော် ၈၁၅ ပါး တို့အား လှူဖွယ်ဝတ္ထုအစုစုကို ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဘုရားဖြူ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော (၇၄)ကြိမ်မြောက် ဝိနည်းစာပြန်ပွဲ ဆုနှင်းသဘင်အကြို တရားပွဲများကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်တွင် ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၁၉ရက်(တနင်္ဂနွေနေ့) ည ၇နာရီတွင် မိုးကုတ်ဦးစန္ဒသိရီ(အောင်စကြာ) ဆရာတော်က တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

အထူးအယူခံခုံရုံး အယူခံမှုလေးမှုကြားနာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

တရားရုံးချုပ် ဒုတိယတရားသူကြီး ချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်) တရားသူကြီးများ ဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု လေးမှုကို ကြားနာကြသည်။ (သတင်းစဉ်)

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အ–ထ–က(၃) ကြည့်မြင်တိုင် (ယခင်ဗုဒ္ဓကျိုးကျောင်း)မှ ကျောင်းသား၊ ကျောင်းသူဟောင်းများက အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ကျောင်းဝင်းရှိ စကားဖြူခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယမန်နှစ်ကအထိ ဖိတ်ကြားခြင်း ခံခဲ့ရသော ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာမရောက်သော်လည်း အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ဦးအောင်ကျော်ဦး ဖုန်း–၀၉၅၀၁၄၂၆၄၊ ဦးသိန်းဝင်း ဖုန်း–၅၃၈၆၉၈၊ဦးသိန်းလွင် ဖုန်း–၀၉၉၉၂၂၀၈၂၊ ဦးချာလီမောင် ဖုန်း–၀၉၅၀၁၅၃၁၃၊ ဦးစိုးဝင်း ဖုန်း–၀၉၉၉၂၄၆၇၁၊ ဦးခင်မောင်လှ ဖုန်း–၀၉၈၀၂၃၅၇၉၊ ဒေါ်ငွေးရီ ကျောင်းဖုန်း–၂၂၀၃၈၀ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

နှစ်ဖက်သောမိဘများအားရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သမာဓိလမ်းနေ ဦးမောင်မောင်ဝင်း [ဒု–ညွှန်ကြားရေးမှူး (ငြိမ်း)၊ ထွေအုပ်ရုံးချုပ်]–ဒေါ်စန်းမြင့် တို့၏(၄၄)နှစ်မြောက် မင်္ဂလာနေ့ အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် အမှတ်(၁၂)စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ထံ ရေစက်ချ အနုမောတရားနာယူပြီး တိ=နိ ရန်ကုန်ဌာနအတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တိုက်ဆောက်မလား ကားစီးမလား ကျပ် ၁၀၀တန်ထီမှာ ကံစမ်းလိုက်ပါလား

သတင်းဆောင်းပါး - အောင်နိုင်ဦး(ကြေးမုံ)
သတင်းဓာတ်ပုံ - သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၁၇

တိုက်ဆောက်မလား၊ ကားစီးမလား၊ ဈေးကွက်စီးပွားရေးအရ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဦးမလား၊ သင်ဘာပဲလုပ်ချင်လုပ်ချင် ဘဝအဆက်ဆက် သင်ပြုဖူးတဲ့ကုသိုလ်ကံအလျောက် ထီပေါက်နိုင်အောင် ထိုက်ထိုက်တန်တန်ဆုကြီးတွေ ဖွင့်ပေးနေတဲ့ ကျပ် ၁၀၀တန်ထီမှာ ကံစမ်းလိုက်ပါလား။

ဤသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏အဆိုဖြစ်သည်။ စင်စစ်အားဖြင့် မြန်မာလူမျိုးတို့နှင့် အောင်ဘာလေထီ ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာကြာပြီ။ အောင်ဘာလေထီ ဖြတ်သန်းလာခဲ့သည့် သက်တမ်းကလည်း ရှည်ခဲ့ပြီ၊ **"မလှူတတ်လျှင် ထီထိုးပါ"** ဟူသော အဆိုတစ်ခုရှိသည်။ ထီထိုးသူတစ်ဦးသည် ထီပေါက် ပါက ကံထူးရှင်တစ်ဦးဖြစ်၏။ ထီမပေါက်ပါကလည်း ဒါနရှင်တစ်ဦး ဖြစ်သွားလေသည်။ သို့ဖြင့် လစဉ်လစဉ် အောင်ဘာလေထီ ဖွင့်တိုင်းဖွင့်တိုင်းမှာ မဟာကံထူးရှင်ကြီးများနှင့် စူဠကံထူးရှင်လေးများ ပေါ်ပေါက်နေသကဲ့သို့ မဟာဒါနရှင်ကြီးများနှင့် စူဠဒါနရှင်လေးများလည်း ပေါ်ပေါက်နေသည်ဟုဆိုရမည်ဖြစ်သည်။

ကုသိုလ်ပြုသူ ဖြစ်ခွင့်ရ

ထီမပေါက်သူသည် အဘယ်ကြောင့် ဒါနရှင်ကုသိုလ်ရှင်ဖြစ်ခွင့်ရပါသနည်း။ ဤမေးခွန်းကို အောင်ဘာလေသိန်းဆုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတင်လှိုင်ရွှေက ဤသို့ရှင်းပြ၏။ သူက"ကျပ် ၁၀၀တန် ထီတစ်စောင်ထိုး

လက်လီရောင်းဈေး ထီတစ်စောင်လျှင် ကျပ် ၁၀၀ဖြင့်ရောင်းချပေးလျက်ရှိသော အလုံမြို့နယ် ငုဝါလမ်းမှ ထီဆိုင်တစ်ဆိုင်ကိုတွေ့ရစဉ်။

လိုက်တာနဲ့ အဲဒီကျပ် ၁၀၀ ထဲက ၆၀ကို ထီဆုမဲတွေခွဲဝေပေးတယ်။ ကျန်တဲ့ ကျပ် ၄၀ကတော့ နိုင်ငံတော်ကဆောင်ရွက်နေတဲ့ ပြည်သူ့အကျိုးပြု ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သုံးပါတယ်"ဟုဆိုသည်။ ဤသို့ဖြင့် ထီမပေါက်သော်လည်း ဒါနမြောက်၍ ကုသိုလ်ပြုသူ ဖြစ်ရတော့သည်။

စီးပွားရေးလုပ်ငန်း

ထီထိုးခြင်းသည် လောင်းကစားခြင်းမဟုတ်၊ ကံစမ်းခြင်းဖြစ်သည်။ ထီရောင်းခြင်းကမူ စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်ပေသည်။ ကျပ်ငွေဘီလီယံနှင့်ချီ၍ ရောင်းဝယ်လှုပ်ရှားလျက်ရှိသော ထီဈေးကွက်ကြီးထဲတွင် ထီလုပ်ငန်းရှင်များ၊ ထီကုန်သည်များ၊ ထီရောင်းသမား ကြီး၊ လတ်၊ ငယ်များ များစွာတို့ ဝင်ရောက်လုပ်ကိုင်နေကြသည်။ အရင်းအနှီးကြီးမားသူများအဖို့ ထီလုပ်ငန်းသည် စီးပွားရေးဈေးကွက်ဖြစ်သလို အရင်းအနှီးနည်းပါးသူ၊ အရင်းအနှီး မရှိသူများအဖို့ ထီလုပ်ငန်းသည် ပရိယေသနဝမ်းစာရှာမှီးရာလုပ်ငန်း၊ မီးဖိုချောင်စိုပြည်စေသော လုပ်ငန်းဖြစ်သည်။

ထီဈေးကွက်၏ အတက်အကျသည် ထီထိုးသူတို့ အပေါ်တွင်မူတည်သည်။ အချို့ကုန်ပစ္စည်းများကဲ့သို့ပင် အခါရာသီကို လိုက်၍ ထီအရောင်းအဝယ် ပွင့်လန်းသောလနှင့် အရောင်းအဝယ်အေးသောလများရှိသည်။ ယေဘုယျအားဖြင့် အများပြည်သူပိတ်ရက်များ၍ ခရီးသွားလာမှုများပြားသော ကာလများ၊ စာမေးပွဲကာလများ၊ သင်္ကြန်ပွဲတော်ကာလများ၊ ကျောင်းဖွင့်ရာသီများသည် ထီအရောင်းအဝယ်အေးသော၊ ကျသောလများဖြစ်သည်။ ဤသို့သောအချိန်ကာလများကို ချင့်တွက်၍ ထီလက်မှတ်ထုတ်ဝေမှု၊ ရောင်းချမှုတို့ကို ဆောင်ရွက်ကြရသည်။

လက်ရှိအခြေအနေတွင် ၁၀၀ကျပ်တန် အောင်ဘာလေထီကို အက္ခရာ၂၇လုံးထိ ထုတ်ဝေရောင်းချပေးလျက်ရှိသည်။ အက္ခရာတစ်ခုလျှင် ထီအုပ်ရေ ၈၀၀၀၀ကျော်၊ အတိအကျဆိုရပါလျှင် ၈၁၈၁၈အုပ်ထုတ်ဝေပေးထားသည်။ ကိုယ်စားလှယ်တစ်ဦးလျှင် အနည်းဆုံးအုပ်ရေ၁၀၀မှ အများဆုံး အုပ်ရေ ၂၀၀၀၀ထိ မည်သူ့ကိုမဆို ရောင်းချပေးသည်။ ထီဝါသနာအိုးများ အထိုးများသည့် နာမည်ကြီးထီဆိုင်ကြီးအချို့မှာ လစဉ် ထီအုပ်ရေ ခုနစ်သိန်းခန့် ရောင်းအားရှိသည်။ ထီဈေးကွက်ကြီး၏ သုံးပုံတစ်ပုံခန့်ကို ထိုထိုဆိုင်ကြီးတို့က ရောင်းပေးနေကြသည်။

ကံစမ်းသူတို့ အစွဲအလမ်း

ထီထိုးကံစမ်းသူများကလည်း အစွဲအလမ်းကြီးကြသည်။ ပေါက်အားကောင်းသည်ဟု ယူဆသော ထီဆိုင်ကြီးများတွင်သာ ဈေးနှုန်း ပိုပိုသာသာပေး၍ ထီထိုးကံစမ်းလိုကြသည်။ နာမည်မကြီးသော ထီဆိုင်များတွင်မူထီထိုးရန် လက်တွန့်ကြသည်။ စင်စစ်အားဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲမှ ထုတ်ဝေ လိုက်သော ထီလက်မှတ်မှန်သမျှ ရောင်းချရာတွင် တန်ဖိုးအတူတူ၊ ထီဖွင့်ရာတွင် အခွင့်အလမ်းအတူတူသာဖြစ်သည်။ နာမည်ကြီးထီဆိုင်ကိုရွေး၍ မျက်နှာလိုက်ပြီး ထီဖွင့်ပေး၍မရ၊ ဆိုင်အစွဲဖြင့် မဲ၍ ထိုးကြသည်နှင့်အမျှ ထီတစ်စောင်ချင်းစီ၏ တန်ဖိုးတို့သည်လည်း မူလရောင်းဈေးထက် အနည်းငယ် ပိုသွားတတ်ကြသည်။

ထီထိုးသူများ၏ နောက်ထပ်အစွဲအလမ်းတစ်ခုမှာ ထီဆိုင်ကြီးများ၏ အရောင်းမြှင့်တင်ရေး ဆောင်ရွက်ချက်များဖြစ်သည်။ ထီလက်မှတ်များကို ရောင်စုံ ကတ်ဘူးများဖြင့် လှပစွာထုပ်ပိုးထားခြင်း၊ အပိုဆုကြေးများ၊ ဂုဏ်ပြုလက်ဆောင်များ မက်လုံးပေးခြင်းတို့ကို ထီထိုးသူတို့ကပို၍ သဘောကျနှစ်ခြိုက်တတ်ကြသည်။

လက်ရှိအခြေအနေတွင် အောင်ဘာလေထီဈေးကွက်မှာ ဝယ်လိုအားကောင်းနေသည်။ ယခုဖေဖော်ဝါရီလတွင် ရောင်းရက် ၂၈ရက်သာရှိသည့်တိုင် ရောင်းအားကျမသွားခဲ့။ ဝယ်လိုအားကောင်းလျှင် ရောင်းသူတို့က ဈေးကွက်မှာ တင်ကြစမြဲ။

"ဧပြီလမှာ ကျွန်တော်တို့ အောင်ဘာလေထီကို အက္ခရာ ၃၀အထိ တိုးထုတ်မယ်၊ ထီဆိုင်ကြီးတွေကိုလည်း ထီထိုးတာဟာ ကံစမ်းတာသာ

၁၀၀ကျပ်တန် အောင်ဘာလေထီ ထုတ်ဝေရောင်းချမှုနှင့် စပ်လျဉ်း၍ အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူး ဦးတင်လှိုင်ရွှေက ရှင်းလင်းပြောကြားစဉ်။

ဖြစ်တယ်ဆိုတဲ့ ခံယူချက်နဲ့ ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ မျက်ခြည်မပြတ်ကြပ်မတ်နေပါတယ်။ ထီစောင်ရေတိုးထုတ်တာနဲ့အမျှ ဈေးကွက်ထဲက ထီဈေးနှုန်းဟာလည်း အထိုက်အလျောက် ကျဆင်းလာမှာပဲဖြစ်ပါတယ်၊ ထီတစ်စောင်ရဲ့ ပြင်ပပေါက်ဈေးဟာ ကျပ် ၁၁၀ ကနေ ၂၀၀ကျော်အထိ ဆိုင်နာမည်ကိုလိုက်ပြီး ရောင်းချနေကြတာဖြစ်ပါတယ်။ ထီဝါသနာရှင်တွေအနေနဲ့ အောင်ဘာလေသိန်းဆုဌာနခွဲက ထုတ်ဝေတဲ့ ထီလက်မှတ်တိုင်းဟာ အခွင့်အလမ်းအတူတူပဲဆိုတာကို နားလည် ထားပြီး ဆိုင်အစွဲကင်းကင်းနဲ့ ချင့်ချင့်ချိန်ချိန်ထီထိုးကံစမ်းကြပါ"ဟု ညွှန်ကြားရေးမှူး ဦးတင်လှိုင်ရွှေက ပြောကြားသည်။

ဆိုင်လိပ်စာများ ဖော်ပြထား

ထီတစ်စောင်လျှင် ကျပ် ၁၀၀ဖြင့် ကံစမ်းနိုင်သည့် ထီဆိုင်များမှာ လက်ရှိအနေအားဖြင့် ရန်ကုန်မြို့တော်တွင် ၃၁ဆိုင်၊ မန္တလေးမြို့တွင် ရှစ်ဆိုင်နှင့် မော်လမြိုင်ကျွန်းမြို့တွင် တစ်ဆိုင်တည်းရှိနေပါသည်။ ယင်းဆိုင်များ၏တည်နေရာလိပ်စာ အတိအကျကို အောင်ဘာလေသိန်းဆု ဌာခွဲမှ လစဉ် အခမဲ့ဖြန့်ဝေပေးသော ထီပေါက်စဉ်၌ ဖော်ပြပေးထားပါသည်။

ငွေကြေးအနည်းငယ်မျှ ရင်းနှီးမြှုပ်နှံလိုက်ရုံဖြင့် ကျပ်သိန်း ၅၀၀တန် စိတ်ကူးအိပ်မက်တစ်ခုကို တစ်လတာ မက်ခွင့်ရခြင်းသည်လည်း ထီထိုးသူများသာလျှင် ရနိုင်သော မဟာအခွင့်အရေးကြီးတစ်ရပ်ဖြစ်ပါသည်ဟု ဆိုချင်ပါ၏။

(ကြေးမုံ)

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ပစ္စည်းအမျိုးပေါင်း ၃၃၇မျိုးကို မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅လမ်းနှင့် ၇၁လမ်းထောင့် မဟာနွယ်စဉ်အားကစားကွင်း၌ ယနေ့နံနက်၈နာရီတွင် ကျင်းပရာ အခမ်းအနားအစီအစဉ်အရ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းက အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲမှခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားဖွင့်ပွဲအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် အထူးဈေးရောင်းပွဲတော်၌ ခင်းကျင်းရောင်းချမည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့ စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းများ၊မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ရောင်းကုန်ပစ္စည်းများနှင့် အခြားအရောင်းဆိုင်များ၏ ရောင်းချခင်းကျင်းမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ယနေ့မှစ၍ နေ့စဉ် နံနက် ၁၀နာရီမှ ည ၈နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာနအသီးမှ ထုတ်လုပ်လျက်ရှိသော ပစ္စည်းအမျိုးပေါင်း ၃၃၇မျိုးကို မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြသည်။ ညစဉ်ဖျော်ဖြေရေး အစီအစဉ်အရ မွန်းလွဲ ၂နာရီမှ ည ၈နာရီထိ စင်တင်တေးဂီတများ၊ Fashion Show များ၊ အငြိမ့်များဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်သည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ မယ်ဆွမ်တောင် ရပ်ကွက်ရှိ သမိန်ဗရမ်းလမ်း အပိုင်း(၂) ကျောက်ချောခင်းခြင်း လုပ်ငန်း အမြန်ပြီးစီးရေးအတွက် ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစီးအရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

ရှင်းလင်းတင်ပြ

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ရပ်ကွက် ဝတ်ကြီးလမ်းကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအား မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှမျိုး ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဂွာတာနာမို အကျဉ်းစခန်း ပိတ်ပစ်ရန် ကုလသမဂ္ဂအစီရင်ခံစာ၌ တိုက်တွန်းထား

နယူးယောက် ဖေဖော်ဝါရီ ၁၆

ကျူးဘားနိုင်ငံ ဂွာတာနာမိုပင်လယ်အော်ရှိ အမေရိကန်တို့ ငှားရမ်းသုံးစွဲနေသော ရေတပ်စခန်းအတွင်း ဖွင့်လှစ်ထားသည့် ဂွာတာနာမိုအကျဉ်းစခန်းကို ပိတ်ပစ်ရန် ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့ အစီရင်ခံစာက တိုက်တွန်းထားသည် ဆိုသောသတင်းများ ယနေ့ထွက်ပေါ်လာသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်က ကျူးဘားကျွန်းရှိ အမေရိကန်တို့၏ အကျဉ်းစခန်းနှင့် ပတ်သက်၍ စုံစမ်းလေ့လာရေး အစီရင်ခံစာ တစ်စောင်ပြုစုထားသည်။ ထိုအကျဉ်းစခန်းကို ပိတ်ပစ်ရန်မှတစ်ပါး အခြားနည်းလမ်းတစ်ရပ် မိမိအနေဖြင့် မမြင်မိကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် နာလူဝစ္စအာဘာက ပြောကြားသည်။

ပြုလုပ်ပေးသင့်

ယင်းစခန်းတွင် ထိန်းသိမ်းခံထားရသူ အကျဉ်းသားများကို တရားစွဲဆိုခြင်း သို့မဟုတ် အကျဉ်းစခန်း ပိတ်ပစ်ခြင်း သို့မဟုတ် အကျဉ်းသားများကို ပြန်လွှတ်ပေးခြင်း တစ်ခုခုပြုလုပ်ပေးသင့်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်ဟု ဆိုသည်။ သို့ရာတွင် ကော်မရှင်နာမင်းကြီး လူဝစ္စအာဘာကမူ ပိတ်ပစ်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိဟု ပြောကြားလိုက်သည်။ ၎င်းအနေဖြင့် ကုလသမဂ္ဂက ဖော်ပြမည့် အခြားနည်းလမ်းများကို ထောက်ခံမည်မဟုတ်ဘဲ အကျဉ်းစခန်း ပိတ်ပစ်ရေး နည်းလမ်းတစ်ခုတည်းကိုသာ ထောက်ခံချက် ပေးမည်ဟု ပြောကြားခဲ့သည်။

လေ့လာစုံစမ်း

ကုလသမဂ္ဂ၏ အဆင့်မြင့် လူ့အခွင့်အရေးဆိုင်ရာ အရာရှိများအနေဖြင့် အမေရိကန် စီအိုင်အေထောက်လှမ်းရေးက ဖွင့်လှစ်ထားသော ပုံမှန်ထက်ထူးခြားနေသည့် အကျဉ်းစခန်းများနှင့် ပတ်သက်၍လည်း လေ့လာစုံစမ်းလျက်ရှိသည်။

အကြမ်းဖက်မှုနှိမ်နင်းရေးနှင့်ပတ်သက်၍ အမေရိကန်တို့က ကျင့်သုံးနေသည့် အကျဉ်းသားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတကာ ဥပဒေများကို အလေးမထား၊ မလိုက်နာသည့်သဘောလုံးလုံးသက်ရောက်နေသည်ဟု လူဝစ္စဘာဘာက ဆက်လက်ပြောကြားသည်။

လူ့အခွင့်အရေး မှတ်တမ်းများနှင့် ပတ်သက်၍ အမေရိကန်သည် နာမည်သတင်းမကောင်းဘဲ သတင်းဆိုးထွက်နေကြောင်း၊ ထိုကဲ့သို့သောနိုင်ငံမျိုးသို့ အကျဉ်းသားများလွှဲပေးရန် သဘောတူကာ လုပ်ဆောင်နေသော ဗြိတိန်နှင့် အခြားနိုင်ငံများသည် မဆင်မခြင် မစဉ်းစား ပြုမူနေကြခြင်းသာ ဖြစ်သည်ဟု ယူဆကြောင်းကုလသမဂ္ဂလူ့အခွင့်ရေး ကော်မရှင်နာမင်းကြီးက ဝေဖန်ထောက်ပြသွားသည်။ ***အင်တာနက်။***

ကျူးဘားနိုင်ငံ ဂွာတာနာမိုရှိ အမေရိကန်တို့ ငှားရမ်း ဖွင့်လှစ်ထားသော အကျဉ်းစခန်း တစ်နေရာကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အရှေ့အာရှဒေသ၌ စားနပ်ရိက္ခာဖူလုံရေး ဆန်တန်ချိန်တစ်သန်းခွဲ အရန်ထားရန် လိုအပ်

ဟန္နိုင်း ဖေဖော်ဝါရီ ၁၆

အရှေ့အာရှဒေသတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် နှစ်စဉ် အနည်းဆုံး ဆန်တန်ချိန် ၁ ဒသမ ၅ သန်း အရန်ထားရှိရန်လိုအပ်သည်ဟု အရှေ့အာရှအရေးပေါ် ဆန်သိုလှောင်ရေးဌာန (အီးအေအီးအာရ်အာရ်)မှ ပြောကြားချက်ကို ဗီယက်နမ်စိုက်ပျိုးရေးသတင်းဌာနက ဖေဖော်ဝါရီ၁၅ ရက်တွင် ဖော်ပြသည်။

အီးအေအီးအာရ်အာရ်၏ စီမံကိန်းကော်မတီ အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် ၁၀ ဖွဲ့နှင့် တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အစည်းအဝေးသို့တက်ရောက်လာသောကိုယ်စားလှယ်အားလုံးက ဆန်စပါးများ ပိုမိုသိုလှောင်ထားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ အီးအေအီးအာရ်အာရ်အဖွဲ့သည် ယခုအချိန်တွင် စားနပ်ရိက္ခာတန်ချိန် ၃၃၇၀၀၀ တန် သိုလှောင်ထားပြီးဖြစ်သည်။

အီးအေအီးအာရ်အာရ်အဖွဲ့သည် သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများသို့ စားနပ်ရိက္ခာများ ကူညီထောက်ပံ့ခြင်းနှင့်အရှေ့အာရှတွင်ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိသည်။

အီးအေအီးအာရ်အာရ်အဖွဲ့သည် အရန်ထားရှိသော စားနပ်ရိက္ခာများကို ဘေးဒုက္ခ ကျရောက်သော အဖွဲ့ဝင်နိုင်ငံသို့ ပို့ခဲ့ရပြီး ထပ်မံလိုအပ်မှုရှိနေလျှင် လိုအပ်သော ဆန်တန်ချိန်များ ပြည့်မီအောင် အဆိုပါ အဖွဲ့ကပင် တာဝန်ယူ ဖြည့်ဆည်းပေးကြရမည် ဖြစ်ကြောင်း အီးအေအီးအာရ်အာရ်အဖွဲ့ ကိုယ်စားလှယ်က ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တန်ဇန်းနီးယား၌ ဘဏ်များအား ဓားပြတိုက်မှုကြောင့် တစ်နှစ်အတွင်း ဒေါ်လာ ၁၄သန်းကျော် ဆုံးရှုံး

ဒါရက်ဆလမ် ဖေဖော်ဝါရီ ၁၇

တန်ဇန်းနီးယားနိုင်ငံရှိ ဘဏ်များကို ၂၀၀၅ခုနှစ် တစ်နှစ်အတွင်းဘဏ်ဓားပြတိုက်မှုများဖြစ်ပွားခဲ့ရာ ငွေကြေးတန်ဖိုးအားဖြင့် တန်ဇန်းနီးယား သျှီလင် ၁၆ ဒသမ ၇ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄ဒသမ၄ သန်း) ဆုံးရှုံးခဲ့ရကြောင်း ကြာသပတေးနေ့တွင် သတင်းများ ထွက်ပေါ်လာသည်။

တင်ပြ

နိုင်ငံ၏ ဘဏ်ဓားပြတိုက်မှုအခြေအနေ အရပ်ရပ်ကို ဖေဖော်ဝါရီ ၁၆ရက်က တန်ဇန်းနီးယားနိုင်ငံ ဒိုဒိုမာဥပဒေပြုလွှတ်တော်တွင် အစီရင်ခံတင်ပြခဲ့သည်။ ထိုဘဏ်ဓားပြမှုများသည် အဓိကအားဖြင့် ဒါရက်ဆလမ်ဒေသ၊ ကလီမန်ဂျာရိုဒေသ၊ မဝမ်ဇာဒေသနှင့် မာရာဒေသများတွင် ဖြစ်ပွားခဲ့ကြောင်း ပြည်သူနှင့် အမျိုးသားလုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မိုဟာမက်အာဘောက အစီရင်ခံတင်ပြခဲ့သည်။

အချိန်အားဖြင့် ၁၂လတာအတွင်း ဖြစ်ပွားခဲ့သော ဓားပြမှု ကိုးမှုတွင် လူသုံးဦးအသက်ဆုံးရှုံးခဲ့ရသည်။အဆိုပါအမှုများနှင့်ပတ်သက်၍ မသင်္ကာသူ ၄၆ ဦးကို ဖမ်းဆီးနိုင်ခဲ့သည့်အနက် ကင်ညာနိုင်ငံသား ၁၂ ဦးပါဝင်နေကြောင်း တွေ့ရသည်။ ထိုလူများကို ဖမ်းဆီးနိုင်ခဲ့သော်လည်း သေနတ်လက်နက် တစ်စုံတစ်ရာ ဖော်ထုတ်ရမိခြင်းမရှိကြောင်း ဒုတိယဝန်ကြီးက ဆက်လက်တင်ပြသွားသည်။

အမျိုးသမီးဓားပြတစ်ဦးခေါင်းဆောင်သော လူရှစ်ဦးပါ ဓားပြဂိုဏ်းသည် ဖေဖော်ဝါရီလဆန်းပိုင်းက အမျိုးသားကူးသန်းရောင်းဝယ်ရေးဘဏ် ဒါရက်ဆလမ်ဒေသရှိ ဘဏ်ခွဲတစ်ခုကို ဝင်ရောက်စီးနင်းသွားရာ အမေရိကန်ဒေါ်လာ ၁၀၁,၇၀၀တန်ဖိုးရှိ တန်ဇန်းနီးယားသျှီလင် ၁၁၈သန်းဆုံးရှုံးခဲ့ရသည်။

အကြီးဆုံးဘဏ်ဓားပြမှုမှာ ၂၀၀၄ ခုနှစ် မေလအတွင်းက ဖြစ်ပွားသော မော်ရှီမြို့ရှိ အမျိုးသားကူးသန်းရောင်းဝယ်ရေးဘဏ် ဓားပြမှုပင်ဖြစ်သည်၊ ထိုဓားပြမှုကြောင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၉၅သန်း နှင့် ညီမျှသော သျှီလင်ငွေ ၅ဒသမ၃ဘီလီယံဆုံးရှုံးခဲ့ရကြောင်းအစီအရင်ခံစာတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် မီးငြိမ်းသတ်ရေး လေ့ကျင့်နေသည်ကို ဖေဖော်ဝါရီ ၁၅ရက် က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ် အလယ်ပိုင်းရှိ လေဆိပ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်

ဟန္နိုင်း ဖေဖော်ဝါရီ ၁၇

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ခန်ဟိုပြည်နယ်ရှိ ကမ်ရန်လေဆိပ်ကို အမေရိကန်ဒေါ်လာ ၁၈၈ သန်း အကုန်အကျခံ၍ အဆင့်မြှင့်တင်သွားရန် ဆောင်ရွက်နေကြောင်း ဒေသဆိုင်ရာ လူငယ်သတင်းစာက ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေးသားသည်။

လေဆိပ်အဆင့်မြှင့်တင်ရေး အစီအစဉ်ကို သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီး ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအစီအစဉ်အားလုံး ၂၀၂၅ ခုနှစ် အရောက်တွင် ပြီးစီးမည်ဖြစ်သည်။ ကမ်ရန် လေဆိပ်သည် ၂၀၁၅ ခုနှစ် အရောက်တွင် လေယာဉ် ၁၆ စင်း အဆင်းအတက်ပြုလုပ်သည်ကို ကိုင်တွယ်ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး လုပ်ငန်းအားလုံး လက်စသတ်ချိန် ၂၀၂၅ ခုနှစ် အရောက်တွင် လေယာဉ်အကြီးစား ၂၀စင်းအထိ ဆင်းတက်သည်ကို ကိုင်တွယ်ထိန်းသိမ်းနိုင်စွမ်း ရှိလာမည်ဟု ဆိုသည်။

ထိုလေဆိပ်မှာ လတ်တလောအခြေအနေတွင် ဗီယက်နမ်မြို့ကြီးများသို့ ပျံသန်းနေသော ပြည်တွင်း လေယာဉ်များ ဆင်းတက်လျက်ရှိကာ မကြာမီကာလအတွင်း အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများမှ လေယာဉ်ကြီးများကိုပါ အဆင်းအတက်လက်ခံနိုင်တော့မည် ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ခရီးသည် ၁ဒသမ၅ သန်းအထိ လက်ခံကိုင်တွယ်နိုင်မည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် အရောက်တွင် ခရီးသည် ၂ဒသမ၇ သန်းခန့် အထိကို လက်ခံကိုင်တွယ်နိုင်မည် ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားသမ္မတ၏ ဝက်ဘ်ဆိုက်ကို သုံးစွဲခွင့်ပြု

ဂျကာတာ ဖေဖော်ဝါရီ ၁၆

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် ၎င်း၏ဝက်ဘ်ဆိုက်ကို ယခု ရက်သတ္တပတ်အစောပိုင်းက စတင်၍သုံးစွဲခွင့်ပြုလိုက်ပြီ ဖြစ်သည်ဟု ဒေသဆိုင်ရာ သတင်းစာက ဖေဖော်ဝါရီ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။ ထိုဝက်ဘ်ဆိုက်၏အမည်မှာ ဒဗလျူ ဒဗလျူ ဒဗလျူ ပရက်ဆီဒန်ဒေါ့အင်ဖို ဖြစ်သည်။ ၎င်း၏နေ့စဉ်ဆောင်ရွက်မှုများကို ပြည်သူများ သိရှိရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ဝက်ဘ်ဆိုက်တွင် ဖော်ပြ

၎င်း၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်မှုတို့နှင့် ပတ်သက်သော သတင်းအချက်အလက်များအပြင် သတင်းစာဆရာများ၏ နောက်ဆုံး ဆောင်းပါးအသစ်များကိုလည်း သမ္မတရုံးတော်မှရေးသား၍ ထိုဝက်ဘ်ဆိုက်တွင် ဖော်ပြထားမည်ဟု ဂျကာတာပို့စ် သတင်းစာက ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဝက်ဘ်ဆိုက်တွင် သမ္မတကတော်၏သတင်းများကိုလည်း ဖော်ပြထားမည်ဟု သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ အန်ဒီအလ်ဖင်မာလာရန်ဂန် ၏ ပြောကြားချက်ကို ကိုးကား၍ဖော်ပြခဲ့သည်။ ထိုဝက်ဘ်ဆိုက်သုံးစွဲခွင့်ကို ဖေဖော်ဝါရီ ၁၄ ရက်တွင်စတင်ခဲ့သည်။

ယခု ဝက်ဘ်ဆိုက်၏ ဒီဇိုင်းနှင့်လုပ်ဆောင်ရန်များကို ဆူနာမီဒဏ်ခံခဲ့ရသော အာချေးပြည်နယ်၌ နည်းပညာဆိုင်ရာ အဆောက်အအုံ တည်ဆောက်မှုတွင် ပါဝင်ခဲ့သည့် နည်းပညာဆိုင်ရာ အကြံပေးသူများဖြင့် ဖွဲ့စည်းထားသော အဲပူတီအဖွဲ့က ဆောင်ရွက်ခဲ့သည်။ ထိုဝက်ဘ်ဆိုက်အတွက် ရူပြား ၈၄သန်း ကုန်ကျခဲ့သည်ဟု အန်ဒီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ဝင်ရိုးစွန်းဒေသ၏ အပူချိန်မှတ်တမ်းများတွင် မှားယွင်းသော အချက်အလက်များ ပါရှိနေဟုဆို

အူထရက်ချ် (နယ်သာလန်) ဖေဖော်ဝါရီ ၁၆

တောင်ဝင်ရိုးစွန်းဒေသ၏ အပူချိန် အတက်အကျမှတ်တမ်းများတွင် မှားယွင်းသော အချက်အလက်များ ပါရှိနေကြောင်း ဒတ်ချ်သုတေသီတစ်ဦးက ဖေဖော်ဝါရီ ၁၅ ရက်တွင် ဖော်ပြသည်။

အူထရက်ချ် တက္ကသိုလ်မှ သိပ္ပံပညာရှင် မိုက်ကယ်ဟယ်လ်ဆင်သည် တောင်ဝင်ရိုးစွန်းဒေသတွင် ကျရောက်သော ဆီးနှင်းခဲများ၏ အိုင်ဆိုတုပ်ဖွဲ့စည်းပုံကို သုတေသနပြုလေ့လာခဲ့သည်။

ဝင်ရိုးစွန်းဒေသရှိ ရေခဲတောင်အငူများသည် ကမ္ဘာမြေ၏ ရာသီဥတုနှင့် ပတ်သက်၍ အဖိုးတန်လှသည့် သတင်းအချက်အလက်များကို ဖော်ပြနိုင်ကြောင်း၊ တောင်ဝင်ရိုးစွန်းဒေသတွင် ကျရောက်သော ဆီးနှင်းခဲများ ဖွဲ့စည်းပုံကို လေ့လာခြင်းဖြင့် မိုးလေဝသဆိုင်ရာသတင်းအချက်များကို နက်နက်ရှိုင်းရှိုင်းသိရှိနိုင်ကြောင်း ဟယ်လ်ဆင်က ပြောကြားသည်။

တောင်ဝင်ရိုးစွန်းဒေသရှိ နှစ်အလိုက်ပြောင်းလဲနေသော အပူချိန်ကို တွက်ချက်ရာတွင် တစ်နှစ်တာကာလ ပတ်လုံး၏ ပျမ်းမျှအပူချိန်ရရှိမှုအပေါ် အခြေခံ၍ ဆီးနှင်းကျဆင်းမှု တစ်မျိုးတည်း တွက်ချက်နိုင်ခြင်းမရှိကြောင်း ဟယ်လ်ဆင်က ပြောကြားသည်။

အင်တာနက်။

အယ်လ်ဂျီးရီးယားနိုင်ငံ ကျေးလက်ဒေသတွင် သောက်ရေ ဖြန့်ဝေပေးနေသည်ကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖရိကလူဦးရေ သုံးပုံတစ်ပုံ ရေအခက်ကြုံ

အယ်လ်ဂျီးယားစ် ဖေဖော်ဝါရီ ၁၆

အာဖရိကဒေသ လူဦးရေ၏ သုံးပုံတစ်ပုံသည် သောက်ရေပြတ်လပ်မှုဖြင့် ကြုံတွေ့နေရပြီး အာဖရိကတိုက်သားထက်ဝက်နီးပါးမှာ သောက်ရေသန့် လိုအပ်မှုကြောင့် ကျန်းမာရေးနှင့် စပ်လျဉ်းသည့် ပြဿနာများဖြင့် ကြုံတွေ့နေရကြောင်း အင်္ဂါနေ့ကထုတ်ပြန်သည့် အစီရင်ခံစာအရ သိရှိရသည်။

ရေရှားပါးမှုနှင့် စပ်လျဉ်းသည့် လတ်တလော အခြေအနေသည် ကောင်းမွန်တိုးတက်လာခြင်းမရှိပါက အာဖရိကဒေသမှ ၁၇ နိုင်ငံသည် ရေရှားပါးပြတ်လပ်မှုဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ဆိုးဆိုးရွားရွား ကြုံတွေ့နိုင်သည်ဟု အာဖရိကရေအဖွဲ့ညီလာခံက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

သတိပေး

ရေရှားပါးပြတ်လပ်မှုကြောင့် ဒေသတွင်းရှိ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပဋိပက္ခများ ဖြစ်ပွားလာနိုင်သည်ဟု အစီရင်ခံစာတွင် သတိပေးဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ရိုးရာအစာ ကင်ချီချဉ်ဖတ် ရောင်းချနေသည်ကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကာကွယ်နိုင်ရေး လေအေးပေးစက်တစ်မျိုး တောင်ကိုရီးယားတီထွင်

ဆိုးလ် ဖေဖော်ဝါရီ ၁၆

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးကာကွယ်နိုင်ရန်ရည်ရွယ်၍ တောင်ကိုရီးယားနိုင်ငံ၏ ရိုးရာအစားအသောက်ဖြစ်သည့် ကင်ချီ (မုန်လာချဉ်၊ ငရုတ်ကောင်းနှင့် ကြက်သွန်ဖြူပါသည့် ကိုရီးယားချဉ်ဖတ်)မှ ထုတ်ထားသော အင်ဇိုင်းဓာတ်တစ်မျိုးဖြင့် ပြုလုပ်ထားသည့် လေစစ်တပ်ဆင်ထားသော လေအေးပေးစက်တစ်မျိုးကို တောင်ကိုရီးယားနိုင်ငံမှ အယ်လ်ဂျီအီလက်ထရွန်နစ်ကုမ္ပဏီက ဈေးကွက်တင် ရောင်းချတော့မည်ဖြစ်သည်။

မုန်လာချဉ်၊ ငရုတ်ကောင်း၊ ချင်း၊ ကြက်သွန်ဖြူတို့ဖြင့် စီမံထားသည့် ကင်ချီချဉ်ဖတ်သည် တောင်ကိုရီးယားနိုင်ငံ၏ ရိုးရာအစားအသောက်ဖြစ်ပြီး အနံ့အရသာဖြင့်ပြည့်စုံကာ ကျန်းမာရေးနှင့် ညီညွတ်သည်ဟု သိရသည်။

ပြည်သူလူထု ကြက်ငှက်တုပ်ကွေးမဖြစ်ပွားစေနိုင်ရန် ရည်ရွယ်ချက်ဖြင့် လေအေးပေးစက်အတွက် လေစစ်ကို တီထွင်ခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ဂျီ၏ ပြောရေးဆိုခွင့်ရှိသူ ပတ်စီဝမ်က ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံတွင် ကင်ချီချဉ်ဖတ်သည် ကျန်းမာရေးအရ အကျိုးဖြစ်ထွန်းမှုရှိသည်ဟုဆိုကာ နှစ်နှစ်ခြိုက်ခြိုက်စားသုံးနေကြသည်။ ၂၀၀၃ ခုနှစ်အတွင်း ဆားစ်ရောဂါဖြစ်ပွားခဲ့စဉ်အတွင်း ရောဂါကင်းသည်ဟု ယုံကြည်ကာ ကိုရီးယားနိုင်ငံသူ၊ နိုင်ငံသားအများစုက စားသုံးခဲ့ကြသည်။

ကင်ချီချဉ်ဖတ်မှ ထုတ်နုတ်ထားသည့် ဓာတ်ပစ္စည်းသည် ကြက်ငှက်တုပ်ကွေး ကာကွယ်နိုင်ရန်အတွက် ကြက်ငှက်များအား ကျွေးမွေးရာတွင် သုံးနိုင်၊ မသုံးနိုင်နှင့်ပတ်သက်၍ စမ်းသပ်မှုများပြုလုပ်ပြီး ဖြစ်သည်။ ယင်းကိစ္စအတွက် သိပ္ပံနည်းကျ အထောက်အထား အနည်းငယ်သာရရှိသေးသည်။

အမ်အင်အေ၊ရိုက်တာ။

ခွေးစာ၌ အဆိပ်ဖြစ်စေသည့် အစာပါဝင်မှုကြောင့် အစ္စရေးတွင် ခွေးအများအပြား သေဆုံးဟုဆို

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၆

အမေရိကန်ပြည်ထောင်စုက ထုတ်လုပ်ရောင်းချသည့်ခွေးစာတွင် အဆိပ်ဖြစ်စေသည့်အစာများ ပါဝင်နေမှုကြောင့် အစ္စရေးနိုင်ငံတွင် ခွေးအများအပြား သေဆုံးနေရာ အဆိုပါ အိမ်မွေးခွေးများ၏ အသက်ကယ်တင်နိုင်ရန်အတွက် သွေးလှူနိုင်ရန် ခွေးမွေးသူများက ၎င်းတို့၏ ခွေးများကို ခေါ်ဆောင်ကာ သွေးလှူပေးကြရန် တိရစ္ဆာန်ဆေးကု ဆရာဝန်များက ပြည်သူလူထုထံသို့ မေတ္တာရပ်ခံချက်တစ်ရပ် ဗုဒ္ဓဟူးနေ့က ပေါ်ပေါက်လာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ရာဇဝတ်မှုကျူးလွန်သူ ၄၀၀၀ နီးပါးအား စပိန်ရဲနှင့် လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီး

မဒရစ် ဖေဖော်ဝါရီ ၁၆

စပိန်နိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များသည် နိုင်ငံအတွင်း၌ ဂိုဏ်းဖွဲ့၍ ကျူးလွန်သော လူဆိုးဂိုဏ်းများမှ ရာဇဝတ်မှု ကျူးလွန်သူပေါင်း ၃၉၂၅ ဦးကို ၂၀၀၅ ခုနှစ်အတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း စပိန်ပြည်ထဲရေးဝန်ကြီးဂျို့စ်အန်တိုနီယိုအာလွန်ဆိုက ဖေဖော်ဝါရီ ၁၃ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဖမ်းမိသော ရာဇဝတ်မှု ကျူးလွန်သူအရေအတွက်သည် ၂၀၀၄ ခုနှစ်က ဖမ်းဆီးရမိသော အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ၁၅ ရာခိုင်နှုန်း ပိုမိုများပြားနေကြောင်း တွေ့ရသည်ဟုဆိုသည်။ ရဲတပ်ဖွဲ့သည် ၂၀၀၅ ခုနှစ်က လူဆိုးဂိုဏ်းအုပ်စုပေါင်း ၂၉၀ တို့ကို ဖော်ထုတ်ဖြိုခွင်းခဲ့ကြောင်း သိရသည်။ ၂၀၀၄ ခုနှစ်က နှိမ်နင်းခဲ့သော အရေအတွက်နှင့် နှိုင်းစာလျှင် ၆ ရာခိုင်နှုန်း ပိုမိုလာခြင်းဖြစ်ကြောင်း အာလွန်ဆိုက ပြောကြားသည်။

ယမန်နှစ်က စပိန်နိုင်ငံ လုံခြုံရေးဆိုင်ရာများနှင့် အကောက်အခွန်ဌာနတို့ ပူးပေါင်း၍ မှောင်ခိုနှိမ်နင်းမှုစစ်ဆင်ရေး ၇၆၈ ကြိမ် ပြုလုပ်ခဲ့ရာတွင် ကိုကင်း ၄၆ ဒသမ ၆ တန်နှင့် ဆေးခြောက် ၆၄၇ တန် သိမ်းဆည်းရမိခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် စပိန်၌ ဖမ်းဆီးရမိသော ကိုကင်းမူးယစ်ဆေးဝါး ပမာဏသည် ဥရောပနိုင်ငံများတွင် အများဆုံး ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ကမ္ဘောဒီးယား၌ လင်းပိုင်ငါးမျိုးမျိုးသုဉ်းနိုင်မည့် ဘေးအန္တရာယ်ရှိ

ဖနောင်ပင် ဖေဖော်ဝါရီ ၁၆

ကမ္ဘောဒီးယားနိုင်ငံတွင် ရှားပါးလှသော အာရှလင်းပိုင်တစ်ကောင်သာ ကျန်ရှိကြောင်း၊ လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်က ပိုက်ကွန်ထဲတွင် လင်းပိုင်များ သေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ပိုက်ကွန်ထဲ၌ လင်းပိုင်ငယ်နှစ်ကောင် သေဆုံးနေသည်ကို ဖေဖော်ဝါရီ ၁၃ ရက်တွင် တွေ့မြင်ခဲ့ရကြောင်း၊ ဒီဇင်ဘာလ အစောပိုင်းအချိန်မှစတင်လျှင် ယခုချိန်ထိ သေဆုံးသွားသော လင်းပိုင် ၁၀ ကောင်ခန့်ရှိပြီဖြစ်ကြောင်း ကရာတီပြည်နယ် ငါးလုပ်ငန်းဌာနမှ လီဘန်ဆန်က ပြောကြားခဲ့သည်။ ဖနောင်ပင်မြို့ အရှေ့မြောက်ဘက် မိုင် ၁၃၀ အကွာတွင် နို့တိုက်သတ္တဝါ အကောင် ၉၀ ကို မွေးမြူထားသည်။ ထိုင်းနိုင်ငံမြစ်ဝနှင့် အာရှတိုက် အခြားရေချိုဧရိယာများ၌ လင်းပိုင်အကောင် ၁၀၀၀ ခန့် ရှိနိုင်သည်ဟု ယူဆထားကြသည်။

အမ်အင်အေ၊ရိုက်တာ။

အသက်မွေးပညာသင်တန်း ဗီယက်နမ်၌ အဆင့်မြှင့်တင်

ဟန္နိုင်း ဖေဖော်ဝါရီ ၁၆

ဗီယက်နမ်နိုင်ငံတွင် ကျွမ်းကျင်အလုပ်သမားများ များပြားလာရန်အတွက် အသက်မွေးမှု သင်တန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသင်တန်းများမှ ၂၀၁၀ ပြည့်နှစ်တွင် ကျွမ်းကျင်လုပ်သားဦးရေ ၂၆ ရာခိုင်နှုန်း တိုးပွားလာရန်ဖြစ်ကြောင်း အသက်မွေးမှုပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

ထိုကျောင်းသင်တန်းများ မြှင့်တင်ဆောင်ရွက်ရန်အတွက် ဗီယက်နမ်ဒေါင်ငွေ ဘီလီယံ ၅၀၀ (အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၄ သန်းကျော်) လျာထားသည်။ အဓိက အသက်မွေးမှုသင်တန်းပေါင်း ၃၆ ခုကို မြှင့်တင်ဆောင်ရွက်ရာတွင် လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲဖြစ်နေသော အခြားသင်တန်း ၃၀ ကို ငွေကြေးထောက်ပံ့ရာတွင်လည်းကောင်း၊ ယခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နိုင်ငံတစ်ဝန်းရှိ ဒေသများတွင် အသက်မွေးပညာကျောင်း ၁၁၁ ကျောင်းတည်ဆောက်ရာတွင်လည်းကောင်း ထိုငွေများကို သုံးစွဲသွားမည်ဖြစ်သည်ဟု အလုပ်သမား မသန်စွမ်းသူများနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ အသက်မွေးပညာဦးစီးဌာနက ပြောကြားခဲ့သည်။ အသက်မွေးမှုပညာ သင်တန်းကျောင်းတွင် ငါးနှစ်တာ ကာလအတွင်း၌ နှစ်စဉ် ပျမ်းမျှ ကျောင်းသားဦးရေ ၁ ဒသမ ၅ သန်းကိုလည်း မွေးထုတ်ပေးမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် ၂၀၀၅ ခုနှစ်လယ်၌ အသက်မွေးပညာသင်တန်းကျောင်းနှင့် ဌာနပေါင်း ၈၇၉ ခုရှိသည်။ ယခုနှစ်တွင်ထိုသင်တန်းများ၌သင်တန်းသား ၁ ဒသမ ၃ သန်းနီးပါးရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဧရာဝတီမြစ် အနောက်ဘက်ကမ်းပေါ်ရှိ နိုင်ငံတော်၏ စေတနာပြယုဂ်များ

မောင်ဘဖေ (ဥဿာ)

၂၀၀၆ ခုနှစ်သည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသအတွက် မင်္ဂလာရှိသော နှစ်သစ်ပင်ဖြစ်ပေသည်။ နှစ်ဟောင်းကုန်ကာ နှစ်သစ်သို့ ကူးပြောင်းဝင်ရောက်သည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်အစိုးရ၏ ထိုဒေသအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့် မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တစ်မြို့နယ်ပြီးတစ်မြို့နယ် ပေါ်ထွက်လာခဲ့သည်။ ယင်းဒေသများမှာ စစ်ကိုင်းတိုင်းတွင် ပုလဲ၊ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်များဖြစ်ကြ၍ မကွေးတိုင်းတွင် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်များဖြစ်ကြသည်။

နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ဖွံ့ဖြိုးရေး အထူးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းဟူသော ဖွံ့ဖြိုးရေးစီမံကိန်းကြီး သုံးရပ်ချမှတ် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းကြီးများကြောင့်လည်း နိုင်ငံတစ်ဝန်းအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာသည်မှာ အမှန်ပင်ဖြစ်သည်။

ယခင်က မအေးချမ်းခဲ့သော နယ်စပ်ဒေသရှိ မြို့ရွာများသည် ယခုအခါ ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားရကာ မြို့ကြီးပြကြီးများသဖွယ် စည်ကားနေပြီဖြစ်သည်။ အလားတူ အထူးဇုန်အဖြစ် သတ်မှတ်ထားသော ဒေသကြီး(၂၄)ခုတွင်လည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက် ပေါ်ထွန်းလာခဲ့သည်။ ထို့အတူ နိုင်ငံတော်လူဦးရေ ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိနေသော ကျေးလက်နေ ပြည်သူများအတွက်လည်း ကျေးလက်

နိုင်ငံတော်၏ စစ်မှန်သော စေတနာကြောင့် မြို့နယ် အသီးသီးရှိ အဆိုပါ ကျောင်းတိုင်းတွင် ဒေသခံ အမျိုးသမီးငယ်များ စိတ်အား ထက်သန်စွာ ပညာသင်ယူနေကြသည်ကို ကြည်နူးဖွယ် မြင်တွေ့ခဲ့ရသည်။

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

စစ်ကိုင်းနှင့်မကွေးတိုင်းအတွင်းရှိ ဧရာဝတီမြစ်အနောက်ဘက် မြို့နယ်များသည် ရာသီဥတုနှင့်ပထဝီအနေ အထားကြောင့် အခြားဒေသများထက် ဖွံ့ဖြိုးမှုနောက်ကျခဲ့သည်။ ပူပြင်းသော ရာသီဥတု၊ ရှားပါးသော ရေသယံဇာတနှင့်ကြမ်းတမ်းပြီး အနှစ်မဲ့သော မြေဆီလွှာတို့ကြောင့် အားထားလောက်သည့် ဒေသထွက်ကုန်မရှိသဖြင့် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေနည်းပါးခဲ့ရသည်။ နိုင်ငံတော် အကြီးအကဲက ထိုဒေသအား သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ သွားလာမှုလွယ်ကူစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေးနှင့် လူနေမှု အဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သော အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာလုပ်ငန်း သင်တန်း

ပခုက္ကူမြို့ တိုးချဲ့မြို့ရေပေးရေး ဖွင့်ပွဲအခမ်းအနားကို တွေ့ရစဉ်။

ကျောင်းများ၊ မြို့ရေပေးရေးလုပ်ငန်းများ၊ မြို့နယ်လုံးကျွတ် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ မြို့တွင်းကတ္တရာ လမ်းများအား တစ်ပြိုင်နက် တစ်မြို့ပြီးတစ်မြို့ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့သည်။

နယ်စပ်ဒေသများ နည်းတူ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ စစ်ကိုင်းတိုင်းမှ ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီးမြို့နယ်၊ မကွေးတိုင်းမှ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့်ဆိပ်ဖြူမြို့နယ် စုစုပေါင်း ရှစ်မြို့နယ်တို့တွင် ဒေသခံအမျိုးသမီးငယ်လေးများအား အိမ်တွင်းမှု သက်မွေးပညာရပ်များသင်ကြားပေးလျက်ရှိသည်။ ထိုပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက် ပေးရန်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်း ကြောင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှု အဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ အိမ်တွင်းမှု သင်တန်းကျောင်းများအား တစ်မြို့နယ်လျှင် ကျောင်းတစ်ကျောင်းစီ တည်ဆောက်၍ ကျွမ်းကျင်သော နည်းပြဆရာမများဖြင့် စက်ချုပ်ပညာ၊ လက်မှုပညာ၊ သိုးမွေး စက်ဆွဲပညာ၊ ရက်ကန်းပညာ၊ ကနုကမာ ကျောက်စီ ပန်းချီပညာနှင့် ဟင်းလျာ၊ အစားအစာ ပြုလုပ်နည်းစသော သင်တန်းများ အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းပြီး မြောက်ပါက ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသည်။ သင်တန်းတက်လိုသူ အမျိုးသမီးငယ်များအတွက် သွားလာမှုစရိတ်၊ စားစရိတ်များလည်း ထောက်ပံ့ပေးလျက်ရှိသည်။

နိုင်ငံတော်၏ စစ်မှန်သော စေတနာကြောင့် မြို့နယ်အသီးသီးရှိ အဆိုပါ ကျောင်းတိုင်းတွင် ဒေသခံ အမျိုးသမီးငယ်များ စိတ်အားထက်သန်စွာ ပညာသင်ယူနေကြသည်ကို ကြည်နူးဖွယ်မြင်တွေ့ခဲ့ရသည်။

အဆိုပါ မြို့များတွင် မြို့နေလူထု သောက်သုံးရေဖူလုံမှုရှိစေရန် မြို့ရေ ပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ မြို့ရှစ်မြို့တွင် စည်ပင်သာယာရေးဦးစီးဌာနမှ ခေတ်မီရေပေးရေးစနစ်များ တည်ဆောက်ပေးပြီး နေအိမ်များသို့ ရေမီတာများဖြင့် စနစ်တကျ သွယ်တန်းပေးခဲ့သည်။ ရေမီတာတပ်ဆင်နိုင်ခြင်းမရှိသော ရပ်ကွက်များတွင်လည်း အများသုံးရေကန်၊ ရေဘုံပိုင်များတည်ဆောက် ပေးဝေခဲ့သည်။ **မြို့ရေပေးရေး လုပ်ငန်းအတွက် နိုင်ငံတော်မှ ယင်းမာပင်မြို့တွင် ကျပ် ၁၀၈ သိန်း၊ ပုလဲမြို့တွင် ကျပ် ၁၃၆ သိန်း၊ ဆားလင်းကြီးမြို့တွင် ကျပ် ၂၀၅ သိန်း၊ ပခုက္ကူမြို့တွင် ကျပ် ၇၅၉ သိန်း၊ ရေစကြိုမြို့တွင် ကျပ် ၅၈၁ သိန်း၊ မြိုင်မြို့တွင် ကျပ် ၅၁၅ ဒသမ ၇၅ သိန်း၊ပေါက်မြို့တွင် ကျပ် ၃၂၃သိန်းနှင့် ဆိပ်ဖြူမြို့တွင်ကျပ်၂၀၈ ဒသမ ၃သိန်း စုစုပေါင်း ကျပ်၂၈၃၆ ဒသမ ၀၅ သိန်း အကုန်အကျခံသုံးစွဲ တည်ဆောက်ပေးခဲ့သည်။ မြို့တွင်းလမ်းများကိုလည်း မြို့တိုင်း ကတ္တရာ လမ်းများ အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့သည်။**

မြိုင်မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆိုင်းဘုတ်ကို တွေ့ရစဉ်။

မြို့များနည်းတူ ကျေးလက်ဒေသတွင် သန့်ရှင်းသော သောက်သုံးရေရရှိ ရေးအတွက်လည်း ပခုက္ကူခရိုင်အတွင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်များတွင် မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ် ရေရရှိသည်အထိ အောင်မြင်စွာ အကောင်အထည်ဖော်ပေးခဲ့သည်။ ပခုက္ကူခရိုင်၌ ကျေးရွာပေါင်း ၁၂၀၉ ရွာရှိရာ ၁၀ နှစ် စီမံကိန်းအရ ဆောင်ရွက်ပေးရမည့် ကျေးရွာ ၃၃၅ရွာ ရှိပါသည်။ ထိုရွာများအနက် စီမံကိန်းအစဖြစ်သော ၂၀၀၀–၂၀၀၁ ခုနှစ်မှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် အထိ ကျေးရွာပေါင်း ၂၁၆ ရွာ ဆောင်ရွက်ပြီး ဖြစ်သဖြင့် ခရိုင်လုံးကျွတ် ကျေးရွာတိုင်း ရေရှိစေရန် ၁၁၉ ရွာ ဆောင်ရွက်ပေးရန်သာကျန်ရှိပါသည်။ ထိုကျေးရွာများအား ခရိုင်လုံးကျွတ်စီမံကိန်းအဖြစ် ၄–၂–၂၀၀၅ ရက်နေ့မှ ၃၀–၁၁–၂၀၀၅ နေ့အထိ ဘဏ္ဍာငွေကျပ် ၂၂၈၆ ဒသမ ၀၀၄၅ သိန်း အကုန်အကျခံတူးဖော်ပေးခဲ့သဖြင့် ယခုအခါ ကျေးရွာတိုင်း သန့်ရှင်းသော သောက်သုံးရေ ရှိနေပြီဖြစ်ပါသည်။

ထိုသို့ မြို့ပြရောကျေးလက်ပါ သန့်ရှင်းသော သောက်သုံးရေ ရရှိလာပြီဖြစ်သဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပိုမိုကောင်းမွန်လာပြီး ယခင်က အပူပိုင်းဒေသတွင် ခံစားခဲ့ကြရသော မျက်ခမ်းစပ်ရောဂါ၊ အရေပြားရောဂါ၊ ငှက်ဖျားရောဂါ၊ ကာလဝမ်းရောဂါ၊ ဝမ်းဖောဝမ်းရောင်ရောဂါ စသည့် ရေနှင့်ဆက်စပ်၍ ဖြစ်ပွားတတ်သောရောဂါများ လျော့နည်းပပျောက်လာပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများတွင် ပိုမိုထိရောက်အောင် ဆောင်ရွက်လာနိုင်ပြီဖြစ်ပါသည်။

ယင်းကဲ့သို့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအတွင်းရှိ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမြို့နယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က စနစ်တကျ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးခဲ့သော အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း၊ မြို့ရေပေးရေးစီမံကိန်းများ ဆောင်ရွက်ခြင်း၊ မြို့တွင်းလမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့် မြှင့်တင်ပေးခြင်းနှင့် ပခုက္ကူခရိုင်လုံးကျွတ် ကျေးလက် ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းများသည် တိုင်းရင်းသားပြည်သူများအပေါ် နိုင်ငံတော်က ထားရှိသောစေတနာပြယုဂ်များပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေး-ပြင်ဦးလွင် မီးရထားသံလမ်းကြား ကတ္တရာလမ်းသစ်ဖွင့်ပွဲတက်ရောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲတွင် အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၆၂)လမ်း၊ သိပ္ပံလမ်းနှင့် မန္တလေး-ပြင်ဦးလွင် မီးရထားသံလမ်းကြား ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် အဆိုပါ ကတ္တရာလမ်းသစ်နှင့် မီးရထားလမ်းရှိ မုခ်ဦး၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်

ရှေးဦးစွာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုက လမ်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်ကွက်နေ ပြည်သူများ ကိုယ်စား ဦးကျော်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မန္တလေးမြို့တော် စည်ပင် သာယာရေးကော်မတီ အတွင်းရေးမှူးက တိုင်းမှူးနှင့် မြို့တော်ဝန်တို့အား လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလဲ့များကို ပေးအပ်ပြီးတိုင်းမှူးနှင့် ဧည့်သည်များသည် ကတ္တရာလမ်းသစ် တစ်လျှောက်ကြည့်ရှုကြသည်။

ဖောက်လုပ်

အဆိုပါ လုပ်ငန်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းအလျား၉၈၄၂ပေ၊ လမ်းအကျယ် ၄၈ပေရှိ၍ စုစုပေါင်း ငွေကျပ် ၂၈၃၅ သိန်းကျော် အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အမှာစကားပြောကြား

ထို့နောက်တိုင်းမှူးသည် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည် အစည်းအဝေး ထပ်ဆင့် ရှင်းလင်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းက အမှာစကား ပြောကြားပြီး ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး အတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် အဖွဲ့ဝင်များက အမျိုးသမီးရေးရာအဖွဲ့ ရှေ့လုပ်ငန်းစဉ်များကို အသီးသီး ဆွေးနွေးကြပြီး နာယက ဒေါ်ခင်ပြုံးဝင်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရောဝတီတံတား(မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရောဝတီတံတား(မကွေး)ရေလမ်းကြောင်းတွင် ရေယာဉ်များ သွားလာရန် ရေလမ်းကြောင်းကို မကွေးဘက်၌ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃) အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို ဖေဖော်ဝါရီ ၁၄ရက်မှစ၍ မကွေးဘက်၌ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့်(၃) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁)နှင့်(၂)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၀ မီတာရှိ၍ ကင်းလွတ် အမြင့်မှာ ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်း၌ အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ၂၀ ခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်း ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနိုးဆော်ချက် ထုတ်ပြန်ထားသည်။(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား အာရှပစိဖိတ်-ဂျာမန်စီးပွားရေးအသင်းအဖွဲ့ဥက္ကဋ္ဌ တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဟန်းဘတ်မြို့၌ အခြေစိုက်သော အာရှပစိဖိတ်-ဂျာမန်စီးပွားရေး အသင်းအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ အက်ဟက် ရော့ခမ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဗီဇဝါရီပ်သာသို့ လာရောက်တွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာ

ထိုသို့တွေ့ဆုံရာတွင် ယင်းစီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် အာဆီယံနှင့် အက်ဖ်တာဒေသအဖွဲ့အစည်း၊ မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးအစီအစဉ်နှင့် မြန်မာနိုင်ငံ၏ ပါဝင်လှုပ်ရှားမှု၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးမူကိစ္စရပ်များနှင့် နှစ်နိုင်ငံ ဆက်သွယ်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

စက်မှုလက်မှုအထက်တန်းကျောင်း မြတ်ဆရာ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်မြို့ ဖေဖော်ဝါရီ ၁၇

စက်မှုလက်မှုအထက်တန်းကျောင်း THS (2) (ဘောင်ဒရီ)တွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများအနေဖြင့် ဆရာဦးတင်ဝင်း (ဓာတုဗေဒ)ဖုန်း-၅၀၂၅၇၂၊ ကိုရဲမြင့်ဖုန်း-၅၂၄၁၉၇၊ ကိုခင်ဇော်ဖုန်း-၅၂၄၉၄၂၊ ကိုအောင်မြ ဖုန်း-၇၂၄၅၆၅၊ ကိုနေအောင် ဖုန်း-၀၉-၅၁၀၆၁၆၂၊ ကိုသိန်းထွဋ် ဖုန်း-၀၉-၅၀၁၃၁၉၄ နှင့် ကိုသန်းငွေ ဖုန်း-၀၉-၅၁၄၉၃၃၀ တို့ထံ အမြန်ဆက်သွယ်ကြရန် ဖြစ်သည်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခို့

၂၀၀၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၀၃၆၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အမှာစကားပြောကြား

မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့် ရှင်းလင်းခြင်း အခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၂-၂၀၀၆ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အရည်အသွေးကောင်းလို့ စံချိန်မီ မြန်မာ့ကြက်ဆင်ဇာမဏီ
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	အမျိုးသားကန်တော်ကြီး ဥယျာဉ်(သဘာဝငှက်ဥယျာဉ်)
၇:၄၀	တေးဂီတအစီအစဉ်
၇:၄၅	ပြည်တွင်းသတင်းအကျဉ်း
၇:၅၅	မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ အကြောင်းသိကောင်းစရာ (အပိုင်း-၃)
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	ရေကူးရအောင်
၉:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၁၅	ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား (ဒေါက်တာခင်မောင်ညို၊ ဦးမျိုးမြတ်သူ)
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	မိသားစုတနင်္ဂနွေ (Happy World)
၁၀:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅	အားလုံးကျန်းမာကြစေဖို့ ကျောင်းတွင်းစားသောက်ဆိုင်များ သန့်ရှင်းစို့
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	လှပဆင်ယင် သတို့သမီးဖက်ရှင်
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	ခြံတွင်းဥယျာဉ်စိုက်ပျိုးမှု အနုပညာ
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀	Sony Bravia
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA Uup ဘောလုံးပွဲစဉ်များ

ညပိုင်း	**အစီအစဉ်**
၆:၃၀	ပွဲကြိုသုံးသပ်ချက်
လိုင်း	5-Sports(Live)
၆:၅၅	Liverpool-Man:United
လိုင်း	5-Sports(Live)
၉:၂၅	Bolton-West Ham
လိုင်း	5-Sports(Live)
	Charlton-Brentfort
လိုင်း	5-Movies(Live)
၁၂:၀၅	Newcastle-Southampton
လိုင်း	5-Sports(Live)
၂:၃၀	Final Score
လိုင်း	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း	**အစီအစဉ်**
၁၀:၃၀	Messina-Juventus
လိုင်း	5-Cartoons (Live)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြပ်မတ်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ကျောင်းကြို၊ ပို့ယာဉ်များနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ ယာဉ်တိုက်ခိုက်မှု လျော့နည်းကျဆင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ လိုက်နာကြစေရေးအတွက် ကြပ်မတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

နိဂုံးချုပ်အမှာစကားပြော

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

လုပ်ငန်းညှိနှိုင်း အစည်းအဝေး

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ	နိုင်ငံ
၁။	Furosemide Injection 2ml 20 mg	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၂။	Cimetidine Injection (0.2g of Cimetidine/2ml)	Shanghai Modern Hasen (Shangqiu) Pharmaceutical Co., Ltd.	P.R.C
၃။	Atropine Sulfate Injection 1ml:0.˚5mg	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၄။	Cimetidine Capsules 0.2g/ capsule	Shanghai Modern Hasen (Shangqiu) Pharmaceutical Co., Ltd.	China
၅။	Hydrocortisone Injection 2ml:10mg	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲ ပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

လှိုင်မြို့နယ်မှ မီးဘေးသင့်ကျောင်းသူများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ပညာရေးလုပ်ငန်းအဖွဲ့တို့က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိသော တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့် လှိုင်မြို့နယ်မှ မီးဘေးသင့်ကျောင်းသူများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ယုဝတီဆောင်၌ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲတွင် ပြန်ကြားရေးရာဌာနကြီး ဒုတိယဌာနကြီးမှူး ပညာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင်နှင့် အဖွဲ့ဝင်တို့က လှိုင်မြို့နယ်မှမီးဘေးသင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ၃၂ဦး အတွက် ငွေကျပ် ၆၀၀၀၀ကျော်တန်ဖိုးရှိ အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ ကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်က လက်ခံသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ပညာရေးလုပ်ငန်းအဖွဲ့တို့က စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိသော တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့် လှိုင်မြို့နယ်မှ မီးဘေးသင့် ကျောင်းသူများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ပစ္စည်းများကို ပြန်ကြားရေးရာဌာနကြီး ဒုတိယဌာနကြီးမှူး၊ ပညာရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက ကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်ထံ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည် မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လိုက်ပါ၍ စံပယ်လမ်းထိပ်တွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားကို ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

✻ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးမှ

ထို့နောက် ဝန်ကြီးသည် ဘိုင်းဒါးရေလွှဲဆည် အဆောက်အအုံနှင့် ရေတံခါး၊ ရေပေးမြောင်းများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြီးစီးမှုအပိုင်းနှင့် ဆက်လက်ဆောင်ရွက် နေမှု၊ ပင်မတမံတွင် ကန်ရေဝင်မှု၊ ဆည်ရေပေးမှုတို့ကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက တူးမြောင်းမကြီးများမှ အပိုင်းလိုက် တည်ဆောက်ပြုပြင်၍ ဆည်ရေဖြင့် သီးနှံစိုက်ပျိုးရေပေးဝေမည့်အခြေအနေတို့ကိုလည်းကောင်း တင်ပြကြရာ ဝန်ကြီးက တူးမြောင်းများသေသပ်ခိုင်ခံ့၍ ကြံ့ခိုင်မှုရှိရေး၊ မြောင်းဘောင်ဘေးဝဲယာ၌ ခြံစည်းရိုး ကြက်ဆူရိုင်းပင်များ စိုက်ပျိုးရေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်တံခါးမြို့နယ် ဆီဆုံကုန်းကျေးရွာအနီး၌ တည်ဆောက်နေသည့် ရဲနွယ်ရေလွှဲဆည် အုတ်မြစ်တူးလုပ်ငန်း၊ မြေသွင်းသပ်တိုင်များနှင့် သံမဏိသပ်ပြားများကို စက်ယန္တရားဖြင့် ရိုက်သွင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဝန်ကြီးအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူးက ရေလွှဲဆည်တည်ဆောက်မှုလုပ်ငန်းဇယားနှင့် ဆောင်ရွက်နေမှုလုပ်ငန်းများ၊ ရေတံခါးအဆောက်အအုံ ဒီဇိုင်းနှင့် ရေပေးမြောင်းများတည်ရှိမှုတို့ကို မြေပုံဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးမှာကြားကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး၌ ဆည်မြောင်းဦးစီး ဌာနက တည်ဆောက်နေပြီး လုပ်ငန်းများအချောသပ်ဆောင်ရွက်ကာ မကြာမီဖွင့်လှစ်နိုင်တော့မည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူးက ရဲနွယ်ရေလှောင်တမံ၊ ရေလွှဲဥမင်၊ တမံအောက်ခြေလုပ်ငန်းနှင့် ရေပိုလွှဲအမှတ်(၁)၊ ရေပိုလွှဲအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများ ရက်အလိုက် ပြီးစီးမှုအဆင့်ဆင့် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံ၏အလျား ပေ ၁၀၅၀၊ အမြင့် ၂၅၁ ပေတွင် ကျောက်စီပြီးစီးမှု၊ ရေလှောင်တမံအတွင်း ရေဝင်သိုလှောင်ထားမှုနှင့် ပြီးစီးသော ရေပိုလွှဲအမှတ်(၁)နှင့် ရေပိုလွှဲအမှတ်(၂)တို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

❖ ဝန်ကြီးဗိုလ်ချုပ်စောထွန်းမှ

ဆောင်ရွက်ရသော လမ်းအပိုင်းလိုက် ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေနှင့် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ စက်ယာဉ်ယန္တရား အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ တင်ပြချက်များမှ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် မအီမြို့မှ အမ်း – ပဒဲကြော – မအီလမ်းအတိုင်း အမ်းမြို့သို့ ထွက်ခဲ့ရာ ၁၅ မိုင် ၇ ဖာလုံနှင့် ၉ မိုင် ၄ ဖာလုံ၌ စက်ယန္တရားကြီးများဖြင့် လမ်းအတက်အဆင်းနိမ့်မြင့် ဖြေ၍ မြေဖြတ်ခြင်း၊ မြေဖို့ခြင်း၊ မြေကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးသည် အမ်းမြို့မှ အမ်း–ပဒါန်းလမ်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကတ္တရာလမ်းများ ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ မူလလမ်းသား ပျက်နေသည့် လမ်းအပိုင်းများကို ပွင့်လင်းရာသီအပြီး ကောင်းမွန်အောင်ပြုပြင်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရေနံယိုဖိတ်မှု ကာကွယ်ထိန်းသိမ်းရေး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ကမ္ဘောဒီးယား၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများအတွက် C.M.V Project အရ ရေနံယိုဖိတ်မှု ကာကွယ်ထိန်းသိမ်းရေးနှင့် ပတ်သက်သော "Lecture and Seminar on Oil Spill Response" ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Grand Plaza Park Royal Hotel ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း တက်ရောက် အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ C.M.V Project မှ ဂျပန်ပညာရှင်များနှင့် ဝန်ကြီးဌာနအသီးသီးမှ ဖိတ်ကြားထားသော ပညာရှင်များ တက်ရောက်ကြသည်။

ယင်း C.°M.°V Project ကို လက်တွေ့ အကျုံးဝင်စေရန်အတွက် စားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise) ပါ ဆက်လက်လေ့ကျင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

လားရှိုးမြို့ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီက လားရှိုးမြို့ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသော သတ္တမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် လားရှိုးမြို့ မြို့လယ် ပရိယတ္တိ စာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ အမှူးပြုသော ပင့်သံဃာ ၄၅ ပါးကြွရောက်တော်မူကြပြီး ရှေးဦးစွာ မြို့နယ် သံဃနာယကအဖွဲ့ဝင် မဟာမြတ်မုနိ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကေဝလနှင့် ဘုရားကြီးဂေါပက အဖွဲ့ဝင်များက မဟာမြတ်မုနိဘုရားကြီး၏ မျက်နှာတော်အား ရောင်တော်ဖွင့်ပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက မဟာမြတ်မုနိဘုရားကြီးအား ရွှေသင်္ကန်းနှင့် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင် ပူဇော်ကြပြီး တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်များက မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးအား ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် အမွှေးနံ့သာ တိုင်များ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော် သြဝါဒါစရိယ လားရှိုးမြို့ ကန်မိန်းကျောင်းတိုက် နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မုနိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် လားရှိုးမြို့ မြို့လယ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် အလှူရှင်များသည် ဆရာတော် သံဃာတော်များအား လားရှိုးမြို့ သာသနာ့ဗိမာန်တော်ကြီး၌ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

နံနက် ၆ နာရီခွဲတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဘုရားကြီးပရိဝုဏ်၌ ဆက်လက်ကျင်းပရာ တိုင်းမှူး၊ ဇနီးနှင့် တက်ရောက်လာကြသူများသည်ဆရာတော် သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများနှင့် လားရှိုးမြို့ပေါ်ရှိ ဘုန်းတော်ကြီး စာသင်တိုက်များအတွက် ဆွမ်းဆန်တော် ၄၅ အိတ်တို့ကို ဆက်ကပ်လောင်းလှူကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရန်အောင်မြင် တပ်ဦးစေတီတော်အနီး တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်းရှိ စံပြပျိုးဥယျာဉ်ရှိ ကြက်ဆူပျိုးပင်များကိုလည်းကောင်း၊ နှစ်ရှည်သီးနှံပင်များအကြား ကြက်ဆူသီးညှပ်စိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်အား မြန်မာပြည်အနှံ့ တစ်ကိုယ်တော် စက်ဘီးစီးနင်းခဲ့ကြသည့် ဦးငပြူး၊ ဦးမျိုးမြင့်၊ ဦးဇော်မင်းတို့နှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

● ကျောဖုံးမှ

ဦးဇော်မင်း (၄၃)နှစ်သည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလက မြန်မာနိုင်ငံ တောင်ဘက်စွန်းမှ မြောက်ဘက်စွန်းသို့ ခရီးရှည် တစ်ကိုယ်တော် စတင်စီးနင်းခဲ့သည်။ တနင်္သာရီတိုင်း ကော့သောင်းမြို့မှ ခရီးစတင်ခဲ့ပြီး မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသ၊ မြန်မာပြည်အလယ်ပိုင်းတို့ကို ဖြတ်ကျော်ကာ မြောက်ဖျားပိုင်းရှိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ခရီးပြီးဆုံးခဲ့သည်။ ခရီးရှည်မိုင်ပေါင်း ၁၆၃၄ မိုင် စီးနင်းခဲ့သူဖြစ်သည်။

မိုင်ပေါင်း ၄၀၀၀

ယခုအခါ ဒုတိယအကြိမ်မြောက် အဖြစ် မြန်မာပြည်အနှံ့ ခရီးဆန့်ဦးမည်ဖြစ်သည်။ ယခုခရီးစဉ်မှာ ပထမခရီးစဉ်ထက် ပိုမိုဝေးကွာသောခရီးကို စီးနင်းမည်ဖြစ်ပြီး ခရီးစဉ် မိုင်ပေါင်း ၄၀၀၀ ကျော် ရှိမည်ဟု သိရသည်။ ဦးဇော်မင်းသည် မြန်မာပြည်အနှံ့ ဒုတိယအကြိမ် ခရီးရှည်အဖြစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး တစ်နေ့လျှင် မိုင် ၁၀၀ နှုန်း စီးနင်းမည်ဖြစ်သည်။

ဦးဇော်မင်းသည် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့လည်းကောင်း၊ ပုသိမ်၊ ငါးသိုင်းချောင်းမှ တောင်ကုတ်၊ အမ်းတောင်ကြားကို ဖြတ်၍ ရခိုင်ပြည်နယ် စစ်တွေမြို့သို့လည်းကောင်း၊ ထိုမှတစ်ဆင့် မကွေးတိုင်းသို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် စစ်ကိုင်းတိုင်း ရွှေဘိုမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၊ မန္တလေးသို့ စီးနင်းမည်ဖြစ်သည်။ ဆက်လက်၍ မန္တလေးမှ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ယင်းမှ ပဲခူးတိုင်း(အရှေ့ဘက်ခြမ်း) တောင်ငူ၊ ဖြူး၊ ညောင်လေးပင်တို့ကို ဖြတ်ကာ ရန်ကုန်မြို့သို့ ပြန်လည်ဝင်ရောက်မည်ဖြစ်သည်။

ဦးငပြူး

အသက်(၇၉)နှစ်အရွယ်ရှိ ဦးငပြူးသည် ၂၀၀၀ ပြည့်နှစ်မှ စတင်၍ တစ်ကိုယ်တော် ခရီးရှည် စတင်စီးနင်းခဲ့ပြီး လေးကြိမ်မြောက် စီးနင်းခဲ့ပြီးဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် စစ်တွေ–ရန်ကုန် အသွားအပြန်ခရီး၊ ၂၀၀၁ ခုနှစ်တွင် ပြည်နယ်နှင့်တိုင်း ခုနစ်ခုခရီး၊ ၂၀၀၃ ခုနှစ်တွင် မြန်မာပြည်အနှံ့ခရီးနှင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာပြည်အနှံ့ခရီး စုစုပေါင်း လေးကြိမ်စီးနင်းခဲ့သည်။

ထို့အတူ ဦးမျိုးမြင့် (၆၁)နှစ်သည် ၂၀၀၅ ခုနှစ်အတွင်း ခရီးစဉ် သုံးခုစီးနင်းခဲ့သည်။ မတ်လတွင် ဧရာဝတီတိုင်းသို့ အဖွဲ့လိုက် မိုင် ၅၀၀ ကျော်ခရီး၊ မေလတွင် မုတ္တမပင်လယ်ဘက်သို့ မိုင် ၆၀၀ ကျော် တစ်ကိုယ်တော်ခရီး၊ ဇူလိုင်လတွင် ရန်ကုန်–တာချီလိတ် ရက် ၄၀ ကြာခရီးတို့ကို စီးနင်းခဲ့သူဖြစ်သည်။

ဆောင်ရွက်ကြမည်

ဦးငပြူး၊ ဦးမျိုးမြင့်နှင့် ဦးဇော်မင်းတို့သုံးဦးသည် စက်ဘီးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် မြန်မာပြည်အနှံ့သို့ စက်ဘီးဖြင့် တစ်ကိုယ်တော်စီးနင်းရင်း ရောက်ရာအရပ်ဒေသ၌ လူငယ်များအားကစားနှင့် ကျန်းမာရေးလိုက်စားရေးနှင့် ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောမှုများကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

စက်ရေတွင်းနှင့် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ညောင်ကုန်းရပ်ကွက်တို့ ပူးပေါင်းဆောင်ရွက်ပြီးစီးသော ညောင်ကုန်းစက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသက်မိုးနှင့် အဖွဲ့ဝင် ဦးဝင်းတင်၊ ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဒီးဒီတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပင်းတယမြို့နယ် ရွာငယ်–သစ်အယ်ပင် ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၉ နာရီတွင် အဆိုပါလမ်းထိပ်မှခ်ဦး၌ ကျင်းပသည်။

ယင်းကျောက်ချောလမ်းသစ်ကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးနေလင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဦးဟန်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကျောက်ချောလမ်းမှာ အကျယ် ၁၀ ပေ၊ အရှည်ပေ ၁၀၀၀ ရှိကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈–၂–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ သံလွင်တံတား(တာပါး)
၈း၂၀ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ GrammarMadeEasy.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၀၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၄၅ ၅။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ Doraemon
၁း၀၅ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁း၁၅ ၇။ **"ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်" (လွင်မိုး၊ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်)(ဒါရိုက်တာ–စိုးကျော်ဆန်း)**
၁း၃၅ ၈။ တေးဂီတအစီအစဉ်
၁း၄၅ ၉။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၂း၀၀ ၁၀။ အတီးပြိုင်ပွဲ
၂း၁၀ ၁၁။ **"အလံလေးတော့ ကိုင်ပြပါ" (ဇွဲနိုင်ဝင်း၊ရတနာခင်) (ဒါရိုက်တာ–မင်းအုပ်စိုး)**
၂း၂၅ ၁၂။ အကပြိုင်ပွဲ
၂း၃၅ ၁၃။ စလင်းရေလှောင်တမံ
၂း၄၅ ၁၄။ International News.
၃း၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အကပြိုင်ပွဲ
၄း၃၅ ၄။ အဝေးသင် တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ)(သင်္ချာ)
၄း၄၅ ၅။ နားဝင်ပီယံသူ့လက်သံ
၄း၅၀ ၆။ တေးဂီတအစီအစဉ်
၅း၀၀ ၇။ မြန်မာစာ မြန်မာစကား
၅း၁၅ ၈။ တေးဂီတအစီအစဉ်
၅း၂၅ ၉။ ချစ်စရာ့အရွယ် ကစားကြမယ်
၅း၅၀ ၁၀။ ယာကြီးရေထိန်းတမံ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၂၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အသည်းနှလုံးနဲ့လူသား" (အပိုင်း–၁၁)**
၇း၄၅ ၁၄။ ရှမ်း(မြောက်)ကြက်ဆူ (အပိုင်း–၂)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း–၂၃)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေး ဖောင်ဒေးရှင်း၏ ကမကထပြုမှုဖြင့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့နှင့် စင်ကာပူနိုင်ငံ သတင်းနှင့် သုတေသနဗဟိုဌာနတို့ ပူးပေါင်းစီစဉ်သော သုတေသနပြုခြင်းနှင့် အစီရင်ခံစာရေးသားခြင်း အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သုတေသနပြုခြင်းနှင့် အစီရင်ခံစာရေးသားခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ကမကထပြုမှုဖြင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် စင်ကာပူသမ္မတနိုင်ငံ သတင်းနှင့်သုတေသန ဗဟိုဌာနတို့ ပူးပေါင်းစီစဉ်သော သုတေသနပြုခြင်းနှင့် အစီရင်ခံစာရေးသားခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပသည်။

ဖွင့်ပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညွန့်ဆွေ၊ ဦးအောင်မြင့်နှင့် ဦးလှမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆာဆာကာဝါ ငြိမ်းချမ်းရေး ဖောင်ဒေးရှင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စင်ကာပူသမ္မတနိုင်ငံ သတင်းနှင့် သုတေသန ဗဟိုဌာနမှ ပညာရှင်များ၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က အဖွင့်အမှာစကား ပြောကြားပြီး စင်ကာပူသမ္မတနိုင်ငံ သတင်းနှင့်သုတေသန ဗဟိုဌာနမှ အထွေထွေမန်နေဂျာ Mr. Chong Yeon Chin က အမှာစကား ပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် စတင်ကျင်းပပြီး ဖေဖော်ဝါရီ ၂၄ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်းမှ စာပေရန်ပုံငွေကျပ်ငါးသိန်းလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာစာပေဖွံ့ဖြိုးရေးကို အားပေးသောအားဖြင့် ထွန်းဖောင်ဒေးရှင်းက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ရန်ပုံငွေသို့ ငွေကျပ်သုံးသိန်းနှင့် တက္ကသိုလ်ထင်ကြီး ဒီဂျစ်တယ်ရည်ညွှန်းစာကြည့်တိုက် ငွေပဒေသာပင်သို့ ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှင်ရယ်ဂါးဒင်း စားသောက်ဆိုင်၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက အလှူငွေစုစုပေါင်း ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အကူအညီဖြင့် နှစ်စဉ်ချီးမြှင့်သွားမည့် "ထွန်းဖောင်ဒေးရှင်း စာပေဆု" တည်ထောင်ခြင်းအကြောင်းကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်း စာပေဆုများချီးမြှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ထွန်းဖောင်ဒေးရှင်းဘဏ်၏ တိုင်းကျိုးပြည်ပြု လုပ်ငန်းတစ်ရပ်အဖြစ် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ပရိသတ်ပွားများရေးနှင့် စာပေရေးသားသူများအား စာကောင်းပေမွန် ရေးသားပြုစုနိုင်စေရန် ရည်ရွယ်သောအားဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုများကို စတင်ချီးမြှင့်မည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်း စာပေဆုများကို ၂၀၀၅ ခုနှစ်အတွင်း စာပေစိစစ်ရေးမှ ခွင့်ပြုချက်ဖြင့် တစ်နှစ်အတွင်းထုတ် စာအုပ်များနှင့် ၂၀၀၆ခုနှစ်တွင် ပါဝင်ရေးသားယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားသော စာအုပ်အဖြစ် ထုတ်ဝေနိုင်မည့် စာမူများမှစ၍ ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။ ထိုက်သင့်သော စာအုပ်စာမူများကို ရွေးချယ်စိစစ် ထောက်ခံနိုင်ရေးအတွက် ရွေးချယ်ရေးအဖွဲ့ကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အကူအညီဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်း စာပေဆုတွင် စာအုပ်ဆုနှင့်စာမူဆု နှစ်မျိုးလုံး၌ ဘာသာရပ်ငါးမျိုးစီ ပါဝင်မည်ဖြစ်ရာ ယင်းဘာသာရပ်များမှာ (က)စီးပွားရေးဆိုင်ရာ၊ (ခ)သမိုင်းနှင့်အတ္ထုပ္ပတ္တိဆိုင်ရာ၊ (ဂ)ကျန်းမာရေးနှင့် ကြံ့ခိုင်သန်စွမ်းရေးဆိုင်ရာ၊ (ဃ)ကလေးနှင့် လူငယ်စာပေဆိုင်ရာနှင့် (င)မြန်မာနိုင်ငံသားကလောင်ရှင်တစ်ဦးက အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုသော စာအုပ်နှင့် စာမူဆိုင်ရာ တို့ဖြစ်သည်။

ဆုဘာသာရပ်ငါးမျိုးတွင် တစ်မျိုးလျှင် ဆုတစ်ဆု လျာထားသတ်မှတ်ထားပြီး စာအုပ်ဆုငါးမျိုး အတွက်ငါးဆုနှင့် စာမူဆု ငါးမျိုးအတွက် ငါးဆုဖြစ်၍ စုစုပေါင်းဆု ၁၀မျိုး ချီးမြှင့်မည်ဖြစ်သည်။ စာအုပ်ဆုအတွက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ပြီး စာမူဆုအတွက်လည်း အလားတူပမာဏရှိသော ဆုငွေများကို ချီးမြှင့်မည်ဖြစ်သည်။

ဆုအတွက် ပြဋ္ဌာန်းထားသော ဘာသာရပ်များတွင် စာအုပ်နှင့် စာမူများကို ချီးမြှင့်ရန် အရည်အသွေး သတ်မှတ်ချက် မပြည့်မီပါက သတ်မှတ်သောနှစ်အတွက် ဆုချီးမြှင့်မည်မဟုတ်ပါ။

စာအုပ်ဆုအတွက် စိစစ်ရွေးချယ်ရာတွင် ပြီးခဲ့သည့် တစ်နှစ်အတွင်း ထုတ်ဝေသော စာအုပ်များမှ စိစစ် ရွေးချယ်မည်ဖြစ်သည်။ စာမူဆုအတွက် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်သောနှစ်တွင် ယှဉ်ပြိုင်ပေးပို့သော စာမူများမှ စိစစ်ရွေးချယ်ချီးမြှင့်မည်။ ဆုရသော စာမူများကို ထွန်းဖောင်ဒေးရှင်း စာပေကော်မတီမှ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ စာပေစိစစ်ရေးဌာနသို့ တင်ပြခွင့်ပြုချက် ရယူလျက် စာအုပ်အဖြစ် ထုတ်ဝေပေးရန် စဉ်းစားမည်။ ထုတ်ဝေသင့်ကြောင်း ထွန်းဖောင်ဒေးရှင်းက ဆုံးဖြတ်သော စာမူအတွက် သီးခြားဥာဏ်ပူဇော်ခပေး၍ ဝယ်ယူထုတ်ဝေရန် အစီအစဉ်ရှိသည်။

ထွန်းဖောင်ဒေးရှင်းက စာပေဆုများနှင့် စာမူဆုများကို နှစ်စဉ် နှစ်ကုန်ပိုင်းတွင် ချီးမြှင့်မည်ဖြစ်သည်။ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ရန်ကုန်မြို့ ဖုန်း ၂၉၁၈၈၁သို့ ပြိုင်ပွဲဝင်စည်းကမ်းများ ဆက်သွယ်ရယူပြီး စည်းကမ်းနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မြို့သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ရုံး ရှေ့လမ်းလယ်ကျွန်းတွင် ပန်းအလှပင်များဖြင့် ပုံဖော်ထားရှိမှုအား ဖေဖော်ဝါရီ ၁၃ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်/စည်ပင်)

မန္တလေးဓာတ်ပုံအသင်း အမှုဆောင်အဖွဲ့ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မန္တလေးဓာတ်ပုံအသင်း ၂၀၀၆-၂၀၀၇ခုနှစ် အမှုဆောင်အဖွဲ့သစ်ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၆ရက်က မန္တလေးမြို့ ရတနာပုံဈေးသစ်၊ မန္တလေးဓာတ်ပုံအသင်းတိုက်တွင် ကျင်းပသည်။

အဆိုပါရွေးချယ်ပွဲမှ မန္တလေးဓာတ်ပုံအသင်း အမှုဆောင်အဖွဲ့သစ်အဖြစ် ဥက္ကဋ္ဌ ဦးကျော်အောင်(ပေါက်ခေါင်း)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းဌေးမောင်(ဆွေလှသိန်း)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်ဝင်း(ဘူမိ)၊ အတွင်းရေးမှူး ဦးစောအောင်မင်း(နယူးအာရှ)၊ အတွင်းရေးမှူး(၁) ဖရန်ကီမျိုးတင်နှင့် အတွင်းရေးမှူး(၂) ဦးမောင်မောင်ဦး(မန်းတက္ကသိုလ်)တို့ပါဝင်သည့် အဖွဲ့ကို ရွေးချယ်လိုက်သည်။ (ကြေးမုံ)

အထက(၂) မိတ္ထီလာ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အထက(၂) မိတ္ထီလာ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ရက် (တနင်္ဂနွေ)နေ့နံနက်၉နာရီတွင် အထက(၂) မိတ္ထီလာ ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၅၇ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူသွားခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

စိုက်ထူလှူဒါန်းနိုင်

နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်ရေးအတွက် ငွေပဒေသာပင်တစ်ပင်လျှင် ကျပ်၅၀၀၀နှုန်းဖြင့် စိုက်ထူလှူဒါန်းနိုင်ရန် ဦးစောဌေး ဖုန်း ၀၆၄-၂၃၃၄၈၊ ဒေါ်ရီရီ ဖုန်း ၀၆၄-၂၃၄၀၄၊ ဦးဆုမြိုင်-ဒေါ်ရင်ရင် ဖုန်း ၀၁-၅၈၄၇၈၈၊ ဦးဇော်ဦး ဖုန်း ၀၆၄-၂၁၃၀၆၊ ဦးဝင်းမြင့် ဖုန်း ၀၆၄-၂၁၉၀၉၊ ဦးခင်ထွန်း ဖုန်း ၀၆၄-၂၁၁၃၀နှင့် ဦးဝါလား(ကျောင်းအုပ်ကြီး၊ အထက-၁၊ သာစည်) တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ရွှေသာလျောင်းဘုရား စံပယ်တော်မူရာ ရွှေသာလျောင်းဝတ်တော်ကြီး ပြုပြင်တည်ဆောက်ရေးအတွက် ဖေဖော်ဝါရီ ၁၂ရက်က အလှူရှင် မော်လမြိုင်မြို့၊ ဈေးသစ်ဆိုင်အမှတ်(၁၈) ဦးချစ်မောင်-ဒေါ်စောကြည်၊ သမီး မလင်းထိုက်ကြည်၊ မဖြိုးဇာကြည်၊ မအေးအေးသန့်ကြည် မိသားစုတို့က ငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၂၅၇)

မိုးကြိုးဂုန်လျှော်၊ ချည်ပေါင်လျှော်စိုက်ပျိုးရေး ကျိုက်လတ်မြို့နယ်တွင် စီမံကိန်းတာဝန်ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ကျိုက်လတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၀၆-၂၀၀၇ခုနှစ် မိုးကြိုးဂုန်လျှော်၊ချည်ပေါင်လျှော်သီးနှံစိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေဝါလတ်ခန်းမ၌ ကျင်းပသည်။

တာဝန်ပေးအပ်

အဆိုပါအခမ်းအနားသို့မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဟန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မြို့နယ်မန်နေဂျာဦးမောင်မောင်ဦးနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး စီမံကိန်းဧက ၁၀၀၀ကို ကျေးရွာအုပ်စု ၁၆အုပ်စုသို့ စီမံကိန်းတာဝန်ပေးအပ်လိုက်သည်။ (စိုက်ပျိုးရေး)

ဂုဏ်ပြုလွှာပြန်လည်ပေးအပ်

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်(၇) လမ်း(မြောက်)နေ ဦးခင်ဝင်းနှင့် မိသားစုတို့က ကွယ်လွန်သူ မိဘများနှင့်ဇနီး ဒေါ်တင်အေးတို့အား ရည်စူး၍ အလှူငွေ ကျပ်တစ်သိန်းကို စိန်ရတနာ နာရေးကူညီမှုအသင်း(အင်းစိန်)သို့လှူဒါန်းရာ တွဲဖက် ဘဏ္ဍာရေးမှူး(၁)ဦးခင်မောင်ကြီးနှင့် အဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ

ဇီဝဒီဇယ်ဆီသာမက သဘာဝမြေဩဇာအဖြစ်ပါ အသုံးပြုနိုင်

သဘာဝမြေဩဇာများတွင် တိရစ္ဆာန်အညစ်အကြေးများမှရရှိသော မြေဩဇာနှင့် သီးနှံပင်အစိတ်အပိုင်း အဆွေးအမြည့်များမှရရှိသော မြေဩဇာဟူ၍ရှိသည်။ မြန်မာနိုင်ငံသည် ရေမြေသယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ပြည်နယ်/တိုင်းအသီးသီးတွင် ခြံစည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်း စိုက်ဧကေါ်ေးသိန်းစီ ပြည့်မီကျော်လွန်အောင် လျာထားစိုက်ပျိုးလျက်ရှိသည်။ ခြံစည်းရိုးကြက်ဆူအစေ့ကို ဇီဝဒီဇယ်ဆီရရှိအောင်ကြိတ်၍ ကျန်ရှိသော ကြိတ်ဖတ်များကို သီးနှံပင်များအတွက် အာဟာရဓာတ်ကြွယ်ဝသော ဩဂဲနစ်သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

ခြံစည်းရိုးကြက်ဆူ ကြိတ်ဖတ်တွင် သီးနှံပင်များအတွက် အဓိကလိုအပ်သည့် အာဟာရ ဓာတ်သုံးမျိုးပါဝင်မှုနှင့် အခြားသောသဘာဝပစ္စည်းများ၏ အာဟာရပါဝင်မှု နှိုင်းယှဉ်ချက်ကို အောက်ပါအတိုင်းတွေ့ရှိနိုင်ပါသည်–

အမျိုးအစား	နိုက်ထရိုဂျင်	ဖော့စဖရပ်	ပိုတက်
ခြံစည်းရိုးကြက်ဆူ	၄ ဒသမ ၄၄ %	၂ ဒသမ ၀၉ %	၁ ဒသမ ၆၈ %
နွားချေး	၃ ဒသမ ၀၄ %	၆ ဒသမ ၂၇ %	၂ ဒသမ ၀၈ %
ဗေဒါပင်	၁ ဒသမ ၄၈ %	၀ ဒသမ ၄၆ %	၀ ဒသမ ၄၈ %
တမာဆီကြိတ်ဖတ်	၅ ဒသမ ၀၀ %	၁ ဒသမ ၀၀ %	၁ ဒသမ ၅၀ %



ဇီဝဒီဇယ်ဆီသာမက သဘာဝမြေဩဇာပါထွက်ရှိသည့် ခြံစည်းရိုးကြက်ဆူစေ့များကို တွေ့ရစဉ်။

သို့ဖြစ်၍ ခြံစည်းရိုးကြက်ဆူကြိတ်ဖတ်သည် နွားချေး၊ ကြက်ချေးနှင့် မြေဆွေးများထက် နိုက်ထရိုဂျင်ဓာတ် ပိုမိုပါဝင်ပြီး အခြားသဘာဝမြေဩဇာများနည်းတူ ဖော့စဖရပ်နှင့် ပိုတက်များ ပါဝင်ကြောင်း တွေ့ရှိရသည်ဖြစ်ရာ ဇီဝဒီဇယ်ဆီသာမက သဘာဝမြေဩဇာအဖြစ်ပါ အသုံးဝင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ဇန်နဝါရီ ၃၁ရက်က မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ စေတီတော်သမိုင်းပြတိုက်နှင့် ဆုတောင်းပြည့် အောင်မြေတန်ဆောင်း ပြုပြင်ခြင်းလုပ်ငန်းအတွက် အမှတ်(၁၅)၊ (၃) ရပ်ကွက်၊ သမိုင်းလမ်းဆုံ မရမ်းကုန်းမြို့နယ်နေ ဒေါ်ကျင်မွေး မိသားစုက ကျိုက်ဝိုင်းစေတီ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ညွန့်ထံ အလှူငွေ ကျပ်တစ်သိန်းခွဲ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တရားပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် ၁၀၈တောင် ဘုရားဝင်းအတွင်း ဟသ်ာတအတွင်း ပတ္တမြားစာသင်တိုက်ခွဲ၏ (၁၉)ကြိမ်မြောက် ပရိယတ္တိသာသနာနုဂ္ဂဟအသင်း စာမေးပွဲကြီးကို ဖေဖော်ဝါရီ ၁၈ရက်မှ ၂၆ရက်အထိ ကျင်းပမည်ဖြစ်ရာ အထူး တရားပွဲများအဖြစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ(တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ)၊ ၂၅ရက်တွင် ဓမ္မစေတီ အရှင်ကောသလ္လ၊ ၂၆ရက်တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော်တို့က ညစဉ် ၇နာရီခွဲတွင် တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။ (က–ပ)

ထူးခြားသည့် ညအပူချိန်များ

၁၇-၂-၂၀၀၆

နမ့်စန်နှင့် ပင်လောင်း

၄ ဒီဂရီစင်တီဂရိတ်စီ

လားရှိုး

၆ ဒီဂရီစင်တီဂရိတ်

ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့ချ စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဦးဆောင်မှုဖြင့် လေးဒေါင့်ကန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခြံစည်းရိုး ကြက်ဆူပင်မျိုးစေ့ချစိုက်ပျိုးပွဲနှင့် ပျိုးကိုင်းများစိုက်ပျိုးပွဲကို ယနေ့ညနေ ၃နာရီကရပ်ကွက် ပျိုးခင်းနေရာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ခိုင်က ကြက်ဆူပင်မျိုးစေ့နှင့်မျိုးကိုင်းကိုစတင် စိုက်ပျိုးပေးသည်။ ဆက်လက်၍မြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူး ရဲအုပ်မြင့်ကို၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းငွေနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းရီနှင့် အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကြက်ဆူပင်မျိုးစေ့ ၅၀၀၀နှင့်ပျိုးကိုင်း ၃၅၀ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)** (၅၀၆)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်အေးမြင့်ကြည်နှင့် သမီးများက အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် ကျောက်ရေတွင်းလမ်းနေ ကိုဝင်းသိန်း–မဥမ္မာတို့၏ မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး သင်တန်းဖွင့်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့(ရွှေဘို)မှ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရွှေဘို)ရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့(ဗဟို)မှ ဒေါက်တာငွေးလွင်က သင်တန်းဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရွှေဘို) ဥက္ကဋ္ဌ ဒေါက်တာတင်ဝင်းက အမှာစကားပြောကြားပြီး အထွေထွေရောဂါကုဆရာဝန်များအဖွဲ့(ဗဟို)မှ ဒေါက်တာငွေးလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းကာလမှာ တစ်နေ့သုံးနာရီ၊ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် ပို့ချသွားမည်ဖြစ်ပြီး သင်တန်းချိန် နာရီပေါင်း ၂၄၀ သင်ကြားပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရွှေဘို၊ ဝက်လက်၊ ဓိးကုန်း၊ ညောင်ပင်သာ၊ ရွာသာကြီး၊ မုဆိုးခြုံဆားတောင်ကြီးတို့မှ သင်တန်းသား၊ သင်တန်းသူ ဆရာဝန်ကြီးများတက်ရောက်ကြသည်။ (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

Air Bagan ဂေါက်သီးရိုက်ပြိုင်ပွဲ ပြီးစီး စိုးကျော်နိုင်က ၂၈၆ ချက်ဖြင့် ပထမရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd.က အဓိက ကူညီပံ့ပိုးသော ၂၀၀၅–၂၀၀၆ခုနှစ် Air Bagan မြန်မာ–ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့်အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပပြီးစီးသွားသည်။

airBagan MYANMAR GOLF TOUR

ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက Tiger Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော ရဲမျိုးဟိန်း (မြို့တော်စည်ပင် ဂေါက်ကွင်း)အား ဆုချီးမြှင့်ပြီး Air Bagan Ltd. မှ ဒါရိုက်တာ ဦးထူးသက်ထွေးက Amateur ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆုရရှိကြသူများအား လည်းကောင်း၊ Air Bagan Ltd.မှ ဒါရိုက်တာ ဦးအောင်ဆန်းက Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု ရရှိကြသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ Air Bagan Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးစိုးဝင်းက Amateur အဆင့် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၀၁ချက်ဖြင့် တတိယရရှိသော Derek Htet Doe၊ စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် ဒုတိယ ရရှိသော နိုင်နိုင်လင်းနှင့် စုစုပေါင်းရိုက်ချက် ၂၉၃ချက်ဖြင့် ပထမရရှိသော အောင်ဝင်း(သစ်တောရေးရာဝန်ကြီးဌာန) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ် ဝင်းလှိုင်(ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်း ၂၉၃ ချက်စီဖြင့် ပူးတွဲ တတိယရရှိကြသော အောင်ဝင်း (YCDC + Srixon) နှင့် Kwanchi Tannin (ထိုင်း)၊ စုစုပေါင်းရိုက်ချက် ၂၉၂ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ် (Srixon) နှင့် စုစုပေါင်းရိုက်ချက် ၂၈၆ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင် (Srixon)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင် (Srixon) အား အထူးဆုကြေးငွေအဖြစ် Srixon မှ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ် Professional Golfer ဦးအောင်လှဟန်က အမေရိကန်ဒေါ်လာ ၃၀၀ကိုလည်းကောင်း၊ Kachin Golfer Group ကိုယ်စား ဦးဝင်းကြည်က ဆုကြေးငွေကျပ် ငါးသိန်းကို လည်းကောင်း၊ Ayer Shwe Wah Co., Ltd. ကိုယ်စား ဦးအေးဝင်းက ဆုကြေးငွေကျပ်ငါးသိန်းကို လည်းကောင်း၊ KBZ Bank Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင်က ဆုကြေးငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ Air Bagan Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းက ဆုကြေးငွေကျပ် ၁၂သိန်းတန် ချက်လက်မှတ်ကို လည်းကောင်း အသီးသီး ဆုကြေးငွေများ အဖြစ် ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၀၅–၂၀၀၆ ခုနှစ် မြန်မာ–ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများကို အဓိက ကူညီပံ့ပိုးပေးခဲ့သော Air Bagan Ltd. အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ် ဝင်းလှိုင်(ငြိမ်း)က ပေးအပ်ရာ Air Bagan Ltd. ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက လက်ခံသည်။

ထို့နောက် Air Bagan Myanmar Golf Tour Tournament မှ ဒါရိုက်တာ ဦးမင်းသိန်းက ရန်ကုန်ဂေါက်ကလပ်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ အမှုဆောင် ဦးလှဝင်းက လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd. ကဖြစ်ပြီး Official Bank အဖြစ် KBZ Ltd. က ဖြစ်၍ Co-sponsor များအဖြစ် Myanmar Brewery Ltd. ၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort ၊ Srixon ၊ Ayer Shwe Wah Co., Ltd. ၊ Yangon Golf Club၊ Kachin Golfer Group၊ Jade Land Myanmar Co., Ltd.၊ Max Myanamr Co., Ltd. နှင့် London တို့က အသီးသီး ပါဝင်ကူညီကြကာ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

Air Bagan မြန်မာ–ပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ အပြီးတွင် MPGA နှင့် MGF ဥက္ကဋ္ဌတို့နှင့်အတူ ဆုရ ဂေါက်သီးအားကစားသမားများ တွေ့ရစဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဆုချီးမြှင့်

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် Professional အဆင့် ပြိုင်ပွဲ ပထမဆုရ စိုးကျော်နိုင် အား ဆုချီးမြှင့်စဉ်။
(ကြေးမုံ)

ဖေဖော်ဝါရီ ၁၆ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃) ပညာရေးမိသားစု၏ ရွှေတံဆိပ်ဆုရှင် ကျောင်းသူများ ဂုဏ်ပြုပွဲနှင့် မိတ်ဆုံပွဲတော် ကျင်းပရာ အာဆီယံ(၁၄)နှစ်အောက် တင်းနစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရှင် မသန္တာအောင်၊ ဒွါဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ အကပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မအေးနန္ဒာထက်နှင့် အရေးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မဆုရွှက်ဝေတို့အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ (က–ပ)

ကေရီမဖုရား စာအုပ်ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

စာရေးဆရာ တက္ကသိုလ်စိန်တင် ရေးသားပြုစုသော "ကေရီမဖုရား" စာအုပ်ကို ရန်ကုန်တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာနမှ စတုတ္ထအကြိမ် ပုံနှိပ်ထုတ်ဝေ၍ အားမာန်သစ်စာပေ၊ ရန်ကုန်မြို့ ဖုန်း–၃၉၄၆၈၅ မှ ဖြန့်ချိကြောင်း သိရသည်။
(ကြေးမုံ)

ဒဂုံမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁) မိဘဆရာအသင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ပန်းချီထူးချွန်ဆုရ GRADE-1မှ မောင်ဗညားဟိန်းအား ကျောင်းအကျိုးတော်ဆောင် နာယက ဦးမောင်မောင်ပြုံး ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ပညာရေး)

အချိန်အခါမဟုတ် မိုးရွာမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်း ရပ်ဝန်းကြောင့် ယနေ့နံနက်မှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၁၃) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရည်ဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၆ရက်က ကျင်းပရာ စတုတ္ထတန်းမှ ပညာရည်ထူးချွန်ဆုရရှိသူ မောင်အောင်မိုးမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းမေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈–၂–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် –ကာယာနုပဿနာသတိပဋ္ဌာန်**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၁၅** ၄။ ကျန်းမာသုတ
- **၁၂:၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၅၀** ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် – ချစ်သောနေကြာ (အပိုင်း–၁)**
- **၁:၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁:၅၉** ၈။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၉။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- **၄:၃၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၁၅** ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၃၀** ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၅၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နေခြည်ဖြာမှ" (အပိုင်း–၁၃)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **FA CUP ဘောလုံးပွဲအစီအစဉ် – Liverpol Vs Manchanster United**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

မြန်မာလိဂ် အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲ စွန်ရဲနှင့် ရထားပို့ဆောင်ရေးအနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ စွန်ရဲအသင်းနှင့် ရထားပို့ဆောင်ရေးအသင်းတို့ အနိုင်ရရှိသွားကြသည်။

(အောင်ဆန်းကွင်း)

စွန်ရဲ တစ်ဂိုး
(စထက်နိုင်ဝင်း)
လယ်/ဆည် ဂိုးမရှိ
ဒိုင်လူကြီး ဦးလှတင့်

စွန်ရဲအသင်းမှာ ယခုပွဲအနိုင်ရလိုက်၍ သတ္တမနေရာအထိ ရောက်ရှိလာပြီး ယခုပွဲရှုံးနိမ့်ခဲ့သော လယ်/ဆည်အသင်းမှာ အဆင့် ၁၄ သို့ ကျသွားသည်။

စွန်ရဲအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၆၇မိနစ်တွင် စထက်နိုင်ဝင်းက သွင်းယူပေးခဲ့သည်။

စွန်ရဲအသင်းမှာ ၁၀ ပွဲကစား ၃ ပွဲနိုင်၊လေးပွဲသရေ၊ သုံးပွဲရှုံး၊ ၁၃ မှတ်ဖြင့် သတ္တမနေရာတွင် လည်းကောင်း၊ လယ်/ဆည်အသင်းမှာ ၁၀ ပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်ပွဲရှုံး ခုနစ်မှတ်ဖြင့် အဆင့် ၁၄ တွင်လည်းကောင်း ရပ်တည်နေသည်။

(သုဝဏ္ဏကွင်း)

ရထားပို့ဆောင်ရေး လေးဂိုး
တပ်မတော်ကြည်း(က) ဂိုးမရှိ

ဂိုးပြတ်အနိုင်ရရှိခဲ့သော ရထားအသင်းမှာ တန်းဆင်းဇုန်နားမှ လွတ်ကာ အဆင့် ၁၃ အထိ တက်လာသည်။ ကြည်း(က)အသင်းမှာ ၁၀ပွဲကစား ၁၀ပွဲရှုံးဖြင့် အမှတ်မရသေးဘဲ ဇယားအောက်ဆုံးရှိနေသည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ

(အောင်ဆန်းကွင်း)

ဘဏ္ဍာ/အခွန်နှင့် ဆောက်လုပ်ရေး

(သုဝဏ္ဏကွင်း)

ကာကွယ်ရေးနှင့် မြို့တော်စည်ပင်

(ကြေးမုံ)

ခေါင်းချင်းယှဉ်အတိုက်

စွန်ရဲအသင်းတိုက်စစ်မှူး စထက်နိုင်ဝင်းနှင့် လယ်/ဆည် ခံစစ်မှူး အောင်ဇော်ဖြိုးတို့ ခေါင်းချင်းယှဉ်အတိုက်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဟော်ကီအားကစားဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ် FIH ဟော်ကီဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးကျော်နိုင် ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်က မော်လမြိုင်သို့ သွားရောက်ပြီးဟော်ကီဖွံ့ဖြိုးတိုးတက်ရေးအတွက် မော်လမြိုင်ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှမြင့်နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကော်မတီအဖွဲ့ချုပ် အမှုဆောင် Pedrollo Water Pump Co.မှ ဒါရိုက်တာ ဦးလှမြင့်က မော်လမြိုင်ဟော်ကီအသင်းအတွက် ဝတ်စုံများကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** မကြာမီ ပါကစ္စတန်နိုင်ငံ အကူအညီဖြင့်ရောက်ရှိလာမည့်ဟော်ကီတုတ်နှင့် ဂိုးသမားဝတ်စုံများကိုလည်း ဆက်လက်ပေးပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက တင်ပြသည်။ မော်လမြိုင် ဟော်ကီအသင်းမှ အားကစားသမားလေးဦးသည် ပဏာမ မြန်မာ့လက်ရွေးစင်အသင်းတွင် ပါရှိပြီး ၎င်းတို့အား ယခုနှစ် ကာတာနိုင်ငံ၌ ကျင်းပမည့် Asian Game အတွက် စခန်းသွင်းလေ့ကျင့်ရန် ရွေးချယ်ထားကြောင်း သိရသည်။ (ကြေးမုံ)

အသက်(၂၀)အောက်ကွင်းပိတ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ယှဉ်ပြိုင် ဘဏ္ဍာ/အခွန်နှင့် အားကစားဝန်ကြီးဌာနတို့ ဗိုလ်လုပွဲတက်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အသက်(၂၀)အောက် လူငယ်ကွင်းပိတ်ဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲ ဒုတိယအကျော့ ပွဲစဉ်များကို ယနေ့ ညနေပိုင်းက လှိုင်ကွင်းနှင့် ပဒေသာကွင်းတို့တွင်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ အနိုင်ရရှိပြီးဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

(လှိုင်ကွင်း)

ဘဏ္ဍာ/အခွန်လူငယ် တစ်ဂိုး
(သန်းနိုင်)
တံခွန်လူငယ် ဂိုးမရှိ

ပထမအကျော့က တစ်ဂိုးစီသရေကျထား၍ ယခုဒုတိယအကျော့တွင် အနိုင်ရရှိရေး နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ကြသည်။ယနေ့ပွဲတွင် ဘဏ္ဍာ/အခွန်လူငယ်အသင်းမှာ အထူးခြေစွမ်းပြ ကစားသွားပြီး တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းအတွက်အနိုင်ဂိုးကို ၂၅ မိနစ်တွင် သန်းနိုင်က သွင်းယူပေးခဲ့သည်။

ပထမအကျော့တွင် တစ်ဂိုးစီသရေ၊ ဒုတိယအကျော့တွင် ဘဏ္ဍာ/အခွန်က တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့၍ နှစ်ပွဲပေါင်းရလဒ်နှစ်ဂိုး-တစ်ဂိုးဖြင့် ဘဏ္ဍာ/အခွန်အသင်း ဗိုလ်လုပွဲရောက်ခဲ့ခြင်းဖြစ်သည်။

(ပဒေသာကွင်း)

အားကစားဝန်ကြီးဌာန နှစ်ဂိုး
အား/ကာသိပ္ပံ ဂိုးမရှိ

ပထမအကျော့တွင် အား/ကာသိပ္ပံအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသော်လည်း ယခုဒုတိယအကျော့တွင် အားကစားဝန်ကြီးဌာနက နှစ်ဂိုး-ဂိုးမရှိဖြင့် ပြန်လည်အနိုင်ရရှိခဲ့၍ နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် အားကစားဝန်ကြီးဌာန အသင်းက အနိုင်ရသွားခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန်လူငယ်နှင့်အားကစားဝန်ကြီးဌာန လူငယ်အသင်းတို့၏ နောက်ဆုံး ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၅ရက်၌ အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဦးတင်ထွန်းသည် ကစားဖော်များဖြစ်သော ဦးစိန်သန်း၊ ဦးညွန့်အေးတို့နှင့်အတူ ဖေဖော်ဝါရီ ၁၀ရက်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၆)၌ ၁၃၃ ကိုက်အကွာမှ Tour Stage 04 ဘောလုံးကို Honma 8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

အလားတူ ဦးဇော်မင်းသည် ကစားဖော်များဖြစ်သော ဦးရဲဘုန်းမြင့်၊ ဦးကိုကိုလေးတို့နှင့်အတူ ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဂေါက်သီးရိုက်ကစားစဉ်ကျင်းအမှတ်(၁၆)၌၁၃၃ကိုက်အကွာမှ Tour Special 3 ဘောလုံးကို Callaway No. 9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (သတင်းစဉ်)

ပြည်သူ့ထံမှပေးစာ

အမှိုက်ပုံ ရှင်းလင်းပေးစေလို

စာတည်းရှင့်-

ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် (၁၉)ရပ်ကွက် နံ့သာမြိုင်လမ်းနှင့် ဥယျာဉ် လမ်းထောင့်ရှိ အမှိုက်ပုံသည် ပုံမှန် သိမ်းဆည်းမှု မရှိခြင်း၊ စည်းကမ်းမဲ့ အမှိုက် စွန့်ပစ်ခြင်းများကြောင့် အနံ့ဆိုးများနှင့်အမှိုက်များ ပတ်ဝန်းကျင်သို့ ပျံ့လွင့်လျက်ရှိပါသည်။

လူနေအိမ်ခြေများနှင့် နီးကပ်စွာ တည်ရှိနေသောကြောင့် မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသည်။

သို့ပါ၍ အဆိုပါ အမှိုက်ပုံအား ရှင်းလင်း ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **(၁၉)ရပ်ကွက်သား**

ကလို့-ဒရယ် ကျောက်ချောလမ်းခင်းပေးပါ

စာတည်းခင်ဗျား-

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဒရယ်ကျေးရွာသည် ဘီလူးကျွန်း၏ အနောက်တောင်ဘက် အစွန်ဆုံးတွင် တည်ရှိပါသည်။ ယခင်က မော်လမြိုင်-ကလို့-ဒရယ် ပြည်တွင်းရေကြောင်း သင်္ဘောရှိသော်လည်း ယခုအခါ သောင်ထွန်းနေ၍ ကလို့အထိသာပြေးဆွဲနိုင်ပါသည်။ သင်္ဘောခရီးစဉ်မှာ ဒရယ်ကျေးရွာအထိ မရောက်ရှိနိုင်သည့်အတွက် ကျေးရွာပြည်သူများ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး မြေနီလမ်းကို ကြိုးပမ်း ဖောက်လုပ်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကလို့-ဒရယ် မြေနီလမ်းကို ကျေးလက်ပြည်သူများ ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်ရေးအတွက် အမာခံကျောက်ချော လမ်းခင်းပေးပါရန် တင်ပြအပ်ပါသည်။

ဒရယ်ကျေးရွာသားများ

ကျူးကျော်နေထိုင်သူများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ်၊ (ဂ) ရပ်ကွက်၊ နီလာ(၃)လမ်းနှင့် နီလာ(၄)လမ်းကြား ကွန်ကရစ်လမ်းဘေးရှိ ကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးရန်သက်ဆိုင်ရာမှ အကြောင်းကြားထားပြီးဖြစ်သော်လည်း ယနေ့တိုင် ဖယ်ရှားခြင်းမရှိသေးပါ။ ၎င်းကျူးကျော်နေထိုင်သူများ၏ မူးယစ်သောက်စား၊ အော်ဟစ်ဆူညံမှုကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန်တင်ပြပါသည်။ **ရပ်ကွက်သားများ**

ပြည့်လျှံနေသည့်အမှိုက်ကန် ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရ အိမ်ရာ တိုက် (၁၆)အနီးရှိ အမှိုက်ကန်မှာ အမှိုက်များ ပြည့်လျှံလျက်ရှိပြီး လမ်းမပေါ်အထိ ပျံ့နှံ့ရောက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်သန့်ရှင်းစေရေးအတွက် အဆိုပါအမှိုက်များအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

ဘိလိယက်ခုံမှဆူညံသံ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက် မြကန်သာအိမ်ရာ အပိုင်း (၂)တွင် ဘိလိယက်ခုံများဖွင့်လှစ်ပြီး စီးပွားရှာနေကြပါသည်။ နေ့ရောညပါ လာရောက် ကစားသူများ၏ အော်ဟစ်ဆူညံသံများကြောင့် ပတ်ဝန်းကျင်မှ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေပါသဖြင့်သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မြကန်သာသား

ထီတစ်စောင် ကျပ် ၁၀၀နှုန်းဖြင့် ဝယ်ယူကံစမ်းနိုင်

၁၁-၂-၂၀၀၆ရက်ထုတ် ကြေးမုံသတင်းစာပါ ထီဝါသနာအိုး၏ "ထီဈေးတင်ရောင်းချမှု ကြပ်မတ်ပေးစေလို"ပေးစာနှင့်ပတ်သက်၍ ထီတစ်စောင်လျှင် ကျပ် ၁၀၀ ဖြင့် ကံစမ်းနိုင်သည့် ရန်ကုန်မြို့ရှိ ထီဆိုင် ၃၁ဆိုင်၊ မန္တလေးမြို့ရှိ ထီဆိုင်ရှစ်ဆိုင်နှင့် မော်လမြိုင်ကျွန်းမြို့ရှိ ထီဆိုင်တစ်ဆိုင်တို့၏ စာရင်းကို အောင်ဘာလေသိန်းဆုဌာနခွဲမှထုတ်ဝေသော ထီပေါက်စဉ်တွင် လစဉ်ဖော်ပြပေးလျက်ရှိပါသည်။

အဆိုပါ ထီဆိုင်များတွင် ထီတစ်စောင်လျှင် ကျပ် ၁၀၀ နှုန်းဖြင့် ဝယ်ယူကံစမ်းနိုင်ပါကြောင်း ပြန်ကြားအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

လက်ဖက်ရည်ဆိုင်မှ အသံချဲ့စက်သံဆူညံ

စာတည်းရှင့်-

ဒဂုံမြို့သစ်မြောက်ပိုင်း (၂၉) ရပ်ကွက် ဗန္ဓုလလမ်းရှိ လက်ဖက်ရည်ဆိုင်သည် ညဉ့်နက်သည်အထိ ရုပ်မြင်သံကြားကို အသံချဲ့စက်ဖြင့်တွဲ၍ ဖွင့်လှစ်နေပါသည်။ ယင်းဆူညံသံကြောင့်လမ်းအတွင်းမှ သက်ကြီးရွယ်အိုများမှာ ကောင်းစွာ နားနေ အိပ်စက်၍ မရပါ။

သို့ပါ၍ သက်ဆိုင်ရာက ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မြောက်ဒဂုံသူ**

ရေဆိပ်တံတား ပြုပြင်ပေးစေလို

စာတည်းခင်ဗျား-

မြိတ်ခရိုင်၊ တနင်္သာရီမြို့ အောင်မင်္ဂလာ အထည်ဈေးအနီးရှိ မြို့အဝင် ရေဆိပ်တံတားမှာ ပျက်စီးနေပါသဖြင့် လှေဆိုက်ကပ်ရန်နှင့် ခရီးသည်များ အတက်အဆင်း ပြုလုပ်ရန် အခက်အခဲ တွေ့ကြုံနေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ တံတားကို ပြန်လည်ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **တနင်္သာရီသား**

အလယ်မျဉ်းနှင့် လူကူးမျဉ်းကျားဆောင်ရွက်ပြီးစီး

၄-၂-၂၀၀၆ နေ့ထုတ်ကြေးမုံသတင်းစာပါ အင်းစိန်မြို့နယ် အောင်ဆန်းမြို့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်ရှေ့ "အလယ်မျဉ်းနှင့် လူကူးမျဉ်းကျားထားရှိပေးပါ" ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဘိုင်းဒါးရေလှောင်ဆည် ပင်မရေပေးမြောင်းများ တည်ဆောက်မှုကြည့်ရှု

သေသပ်ခိုင်ခံ့မှုရှိရေး၊ မြောင်းဘေးဝဲယာ၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေး မှာကြား

မကြာမီဖွင့်လှစ်တော့မည့် ရဲနွယ်ရေလှောင်တမံ ရေဝင်သိုလှောင်မှုနှင့် ရေပိုလွှဲများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၅ ရက်တွင် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် လှည်းဝိုင်းရွာအနီး တည်ဆောက်ထားသည့် ဘိုင်းဒါးရေလှောင်ဆည်၏ ဆည်ရေသောက်စနစ် ပင်မရေပေးမြောင်းများ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ပင်မမြောင်းမကြီးသည် ၁၅ မိုင် အရှည်ရှိပြီး ပေ ၃၀ အကျယ်ရှိသည်။ ယခုအခါ ရေလှောင်ဆည်မှ ပင်မမြောင်းမကြီး၏ လက်တံ(၁) အပိုင်းအထိ ရေပေးကာ ဒိုက်ဦးမြို့နယ်၌ နွေစပါး ၃၃၇ ဧကနှင့် ညောင်လေးပင်မြို့နယ်၌ နွေစပါး ၅၂၃၃ ဧက စိုက်ပျိုးလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳



ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊တံတားတည်ဆောက်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် ရခိုင်ပြည်နယ် မအီ–ကျောက်ဖြူလမ်းပေါ်ရှိ မအီတံတားစီမံကိန်း ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် အင်ဂျင်နီယာမှူးကြီး၊ ခရိုင်အင်ဂျင်နီယာမှူးများ၊ လမ်း၊ တံတား တည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့များမှ တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံဆွေးနွေးရာ ရခိုင်ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်က ပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ အခြေအနေကို ရှင်းလင်းတင်ပြ၍ စစ်တွေခရိုင်၊ သံတွဲခရိုင်၊ ကျောက်ဖြူခရိုင်တို့မှ အင်ဂျင်နီယာမှူးများက မိမိခရိုင်အတွင်းရှိ လမ်း၊ တံတားများ အခြေအနေကိုလည်းကောင်း၊ မအီ–ကျောက်ဖြူလမ်းစီမံကိန်း အထူးအဖွဲ့၊ အမ်း–ပဒဲကြော–မအီလမ်း စီမံကိန်းအထူးအဖွဲ့၊ အမ်း–စစ်တွေလမ်းစီမံကိန်း အထူးအဖွဲ့တို့မှ တာဝန်ခံအင်ဂျင်နီယာများက မိမိတို့ တာဝန်ယူ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ကြည့်ရှုစစ်ဆေး

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးတိုင်း ကျောက်တံခါး မြို့နယ်တွင် တည်ဆောက်နေသည့် ရဲနွယ် ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ပင်မတမံကို ကြည့်ရှုစစ်ဆေးစဉ်။(လယ်ယာ/ဆည်မြောင်း)

ဒုတိယ အကြိမ်မြောက် မြန်မာပြည်အနှံ့ တစ်ကိုယ်တော် စက်ဘီးစီးနင်းမည့် ဦးဇော်မင်း။

ဓာတ်ပုံ စိုးညွန့်(ကြေးမုံ)

အားကစားနှင့် ကျန်းမာရေးပညာပေး လှုံ့ဆော်ရန် နိုင်ငံအနှံ့ ခရီးရှည်စက်ဘီးစီးနင်းလှည့်လည်ဦးမည်

သတင်း–ညီညီစိုးညွန့်၊ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာ့စက်ဘီးလောက ဖွံ့ဖြိုးတိုးတက်လာစေရေး၊ သွေးသစ်အားကစားသမားများ ပြုစုပျိုးထောင်ရေး၊ ရွက်ပုန်းသီးအားကစားသမားများ ရှာဖွေရေး၊ လူငယ်ထုများ အားကစားလိုက်စားလာစေရေး၊ ကျန်းမာရေးပညာပေးလှုံ့ဆော်ရေးအတွက် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၏ ပံ့ပိုးမှုနှင့်အတူ စက်ဘီးအားကစားသမားကြီးများဖြစ်ကြသည့် ဦးငပြူး၊ ဦးမျိုးမြင့်နှင့် ဦးဇော်မင်းတို့ သုံးဦးသည် ပြည်နယ်နှင့်တိုင်းအနှံ့ စက်ဘီးစီးနင်းပြီး စည်းရုံးဆောင်ရွက်လျက်ရှိသည်။

၎င်းတို့သုံးဦးသည် ဝါသနာအလျောက် မြန်မာပြည်အနှံ့ တစ်ကိုယ်တော်စီးနင်းကာ အကျိုးပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသူများဖြစ်သည်။ အဆိုပါစက်ဘီး အားကစားသမားကြီးများသည် အသက်အရွယ်ကြီးရင့်နေပြီ ဖြစ်သော်လည်း ငယ်စဉ်ကပင် အားကစားနှင့် ကျန်းမာရေးကို စနစ်တကျလိုက်စားခဲ့သဖြင့် ယခုတိုင် လူငယ်များကဲ့သို့ သွက်လက်ဖျတ်လတ်တက်ကြွလျက်ရှိနေသည်ကို တွေ့ရသည်။ ဦးငပြူးက အသက်(၇၉)နှစ်နှင့် ဦးမျိုးမြင့်က အသက် (၆၁)နှစ် ရှိနေပြီဖြစ်သည်။ ၎င်းတို့ အနက် ဦးဇော်မင်းမှာ အငယ်ဆုံးဖြစ်ပြီး အသက်(၄၃)နှစ် ဖြစ်သည်။

ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်း၌ ပြုလုပ်သော (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စက်ဘီးပြိုင်ပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဆိုပါ စက်ဘီးအားကစားသမားကြီး သုံးဦးဖြစ်သည့် ဦးငပြူး၊ ဦးမျိုးမြင့်နှင့် ဦးဇော်မင်းတို့ကို အားကစားဝတ်စုံနှင့် ဆုငွေများ ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ●